# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၆)၊ အမှတ်(၁၁၅)







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြား

### ယနေ့ဖွင့်လှစ်လိုက်သည့် ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ(အပိုင်း - ၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ အဆိုပါစက်ရုံနေရာ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ☆

**ယနေ့ ဗေဒါစာ**

**ဘယ်လာရုစ်နိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့် ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ် အကောင်အထည်ဖော်မည်**

လွှတ်တော်ရေးရာ ➢ ၈

**ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .**

ဆောင်းပါး ➢ ၁၂

**ပါရီကားပြပွဲတွင် ဈေးနှုန်းသက်သာသော လျှပ်စစ်ကားများ လူကြိုက်များ**

နိုင်ငံတကာသတင်း ➢ ၁၄

## မလေးရှားနိုင်ငံ၌ အခက်အခဲ ဒုက္ခများကြုံတွေ့ခဲ့ရပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေး




မြိတ် အောက်တိုဘာ ၁၄

နိုင်ငံတော်မှ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး မလေးရှားနိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခဲ့ရာ အောက်တိုဘာ ၄ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

စာမျက်နှာ ၅ ကော်လံ ၁ ❂




☆ ရွှေဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာ သက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အငြိမ်းစားအရာရှိကြီးများနှင့် စက်ရုံမှူးတာဝန် ထမ်းဆောင်ခဲ့ကြသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များ၊ သန်လျင်ရေနံချက်စက်ရုံမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ ရောက်ရှိလာရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူလေးများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင်ရေနံချက်စက်ရုံ(အပိုင်း–၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စက်ရုံပင်မထိန်းချုပ်ခန်းအတွင်းရှိ သန်လျင်ရေနံချက်စက်ရုံ(အပိုင်း–၁) ပုံစံငယ်နှင့် ယခင်သန်လျင်ရေနံချက်စက်ရုံ၏ ခေတ်အဆက်ဆက် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း – ၁) ဖွင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

❍ **ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှု တိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက် မဟုတ်ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့် စီးပွားရေးအကျိုးအမြတ်များ ရရှိစေရန်လည်းဖြစ်၊ ထို့ကြောင့် အဆိုပါရည်မှန်းချက်များ အမှန်တကယ်အောင်မြင်ရန်အတွက် ကုန်ကြမ်းဝယ်ယူမှုမှစတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအထိ အဆင့်ဆင့်တိုင်းတွင် ကုန်ကျစရိတ်များကို ခြိုင်္ခြုံသုံးသပ်ပြီး ထိရောက်စွာစီမံခန့်ခွဲသွားကြရန်လို**

❍ **စွမ်းအင်လုံခြုံမှုရှိစေရန် ပြည်ပက စွမ်းအင်နှင့်ကုန်ကြမ်းများကို အလွန်အမင်းမှီခိုနေရခြင်းကို လျှော့ချရန်လိုအပ်၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သင့်လျော်သလို ပေါင်းစပ်အသုံးပြုရန်၊ စွမ်းအင်သိုလှောင်နိုင်မှုနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာတုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်လည်းလိုအပ်၊ တစ်ချိန်တည်း၌ပင် စွမ်းအင်ကို အလေအလွင့်မရှိဘဲ ထိရောက်စွာအသုံးပြုနိုင်ရေးကိုလည်း ဟန်ချက်ညီညီဆောင်ရွက်**

**Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများ စတင်ပို့လွှတ်မှုအား Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပင်မထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း–၁) စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် သန်လျင်ရေနံချက်စက်ရုံအတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီများ ထုတ်လုပ်သည့် နည်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး သန်လျင်ရေနံချက်စက်ရုံ


နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင် ရေနံချက်စက်ရုံ(အပိုင်း–၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(အပိုင်း–၁) ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း–၁) ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း–၁) ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် စက်ရုံတစ်ရုံ တည်ဆောက်ပြီးစီးမှုကို ဂုဏ်ပြုသည့် မှတ်တိုင်တစ်ခုသာမက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သည့် စွမ်းအင်လုံခြုံမှုကို တည်ဆောက်ရန်တို့အတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုဖြစ်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ကြီးဌာန၏ နှစ်(၄၀) ပြည့် ပတ္တမြားရတုအခမ်းအနားနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့သကဲ့သို့ ယနေ့တွင်လည်း ရေနံချက်စက်ရုံသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာနအတွက် ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုကိုအခြေခံပြီး နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေနံလုပ်ငန်းနှင့်ပတ်သက်ပြီး ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့ကြောင်း၊ သမိုင်းမှတ်တမ်းများအရ ၁၈၇၁ ခုနှစ်ကတည်းက **“ရန်ကုန်ရေနံကုမ္ပဏီ”** အမည်ဖြင့် ရေနံချက်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီလီမိတက်က တစ်ရက်ကို ရေနံစိမ်း ဂါလန် ၈ သိန်းချက်လုပ်နိုင်သည့် သန်လျင်ရေနံချက်စက်ရုံကို တည်ဆောက်ခဲ့ပြီး ပြည်တွင်းရေနံမြေများကရရှိသည့် ရေနံစိမ်းများကို ပိုက်လိုင်းများဖြင့် ပို့ဆောင်ချက်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း။

**စနစ်တကျ စီမံဆောင်ရွက်**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ရေနံလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရေနံချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း စက်ရုံကို အဆင့်ဆင့်တိုးချဲ့ တည်ဆောက်ခဲ့ကြောင်း၊ သို့သော် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်တို့အကြား ဟန်ချက်မညီပါက စက်ရုံတည်ရှိနေရုံဖြင့် ရေရှည်အောင်မြင်မှုကို မရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့် စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယနေ့တွင် စီမံကိန်းပထမအဆင့် (Phase I) စက်ရုံသစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကာယ၊ ဉာဏလုပ်သားများ၊ မိတ်ဖက်ကုမ္ပဏီကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် သက်ဆိုင်သူအားလုံးကို အသိအမှတ်ပြုဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စက်ရုံလည်ပတ်မှု၊ ထုတ်လုပ်မှု စွမ်းဆောင်ရည်၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းမှု၊ စွမ်းအင်သုံးစွဲမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်သုံးသပ်ကြရန်နှင့် သတ်မှတ်ထားသည့် ရည်မှန်းချက်များနှင့် လက်တွေ့ရလဒ်များအကြား ကွာဟချက်ရှိပါက အကြောင်းရင်းများကို အချိန်မီဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**စီမံကိန်း၏ အကျိုးဖြစ်ထွန်းမှုကို သေချာစိစစ်**

စီမံကိန်းဒုတိယအဆင့် (Phase II) အနေဖြင့် တိုးချဲ့ရေနံချက်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထိုအဆင့်တွင် ရည်မှန်းထားသည့် အဆင့်မြင့်စက်သုံးဆီများနှင့် ရေနံဓာတုထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်ရုံတည်ဆောက်ရေး တစ်ခုတည်းကိုသာ အာရုံစိုက်၍ မရကြောင်း၊ စီမံကိန်းအဆင့်အားလုံးပြီးစီးပြီး စက်ရုံလည်ပတ်လာသည့်အခါ လက်တွေ့ထုတ်လုပ်နိုင်မည့် ပမာဏ၊ ထုတ်ကုန်အမျိုးအစား၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်နှင့် ကုန်ကြမ်းရရှိနိုင်မှုတို့ကို အခြေခံပြီး စီမံကိန်း၏အကျိုးဖြစ်ထွန်းမှုကို သေချာစွာ စိစစ်သွားကြရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် အလေးထားမှာကြားလိုသည်မှာ စက်ရုံစွမ်းရည်တိုးမြှင့်ရေးနှင့်အတူ စက်ရုံ၏ ရေရှည်လည်ပတ်နိုင်စွမ်း၊ စီးပွားရေးအရ အကျိုးရှိမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို တစ်ပြိုင်တည်း မြှင့်တင်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ပထမလိုအပ်ချက်မှာ ရေနံစိမ်းကုန်ကြမ်း လုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ စက်ရုံစွမ်းရည်မည်မျှပင်မြင့်မြင့် ကုန်ကြမ်းမလုံလောက်ပါက သတ်မှတ်ထားသည့် ထုတ်လုပ်မှုရည်မှန်းချက်များကို မပြည့်မီနိုင်သောကြောင့် ပြည်တွင်းရေနံထုတ်လုပ်မှုတိုးမြှင့်ရေး၊ ရရှိနိုင်သည့်ရေနံစိမ်းများကို ထိရောက်စွာ အသုံးချနိုင်ရေးနှင့် လိုအပ်သည့် ကုန်ကြမ်းများကို စဉ်ဆက်မပြတ်ရရှိနိုင်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းက ထုတ်လုပ်သည့်ရေနံစိမ်းနှင့် ပြည်ပကရရှိနိုင်သည့် ကုန်ကြမ်းများကို ပေါင်းစပ်စီမံခန့်ခွဲပြီး စက်ရုံများ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် စီစဉ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရုံဖြင့် ပြည်သူများအတွက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများ စတင်ပို့လွှတ်မှုအား Digital နည်းပညာဖြင့် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

အကျိုးကျေးဇူး အပြည့်အဝရရှိမည် မဟုတ်ကြောင်း၊ ထုတ်ကုန်များကို အချိန်မီနှင့် ထိရောက်စွာဖြန့်ဖြူးပေးနိုင်ရန်၊ ကုန်ကျစရိတ်များကိုလည်း ထိန်းချုပ်နိုင်ရန် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှု တိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက် မဟုတ်ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့် စီးပွားရေးအကျိုးအမြတ်များ ရရှိစေရန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရည်မှန်းချက်များ အမှန်တကယ် အောင်မြင်ရန်အတွက် ကုန်ကြမ်းဝယ်ယူမှုမှစတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုအထိ အဆင့်ဆင့်တိုင်းတွင် ကုန်ကျစရိတ်များကို ခြိုင်ခြုံသုံးသပ်ပြီး ထိရောက်စွာ စီမံခန့်ခွဲသွားကြရန်လိုအပ်ကြောင်း။

စွမ်းအင်လုံခြုံမှုရှိစေရန် ပြည်ပက စွမ်းအင်နှင့် ကုန်ကြမ်းများကို အလွန်အမင်း မှီခိုနေရခြင်းကို လျှော့ချရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သင့်လျော်သလို ပေါင်းစပ်အသုံးပြုရန်၊ စွမ်းအင်သိုလှောင်နိုင်မှုနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်လည်း လိုအပ်ကြောင်း၊ တစ်ချိန်တည်း၌ပင် စွမ်းအင်ကို အလေအလွင့်မရှိဘဲ ထိရောက်စွာ အသုံးပြုနိုင်ရေးကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အလျင်အမြန် ပြောင်းလဲတိုးတက်လျက်ရှိနေ**

ကမ္ဘာ့စွမ်းအင်ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက နည်းပညာနှင့် ဈေးကွက်အခြေအနေများသည် အလျင်အမြန် ပြောင်းလဲတိုးတက်လျက် ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်ရှိစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ခုစလုံးကို ဟန်ချက်ညီညီ စဉ်းစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ စွမ်းအင်အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးချသွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာအသစ်များ ဖော်ထုတ်အသုံးချရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီရေနံချက်စက်ရုံတစ်ရုံ ရေရှည်အောင်မြင်ရန်အတွက် စက်ပစ္စည်းနှင့်နည်းပညာများ ခေတ်မီရုံဖြင့် မလုံလောက်ဘဲ အဆိုပါနည်းပညာများကို ထိထိရောက်ရောက် အသုံးချနိုင်သည့် ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ ရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အလားတူ ဒီဂျစ်တယ်စနစ်များ၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် ဉာဏ်ရည်တု (AI) နည်းပညာများကိုလည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့်နေရာများတွင် အသုံးချသွားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စက်ပစ္စည်းများ မချွတ်ယွင်းမီ ကြိုတင်ခန့်မှန်းနိုင်ရန်၊ စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရန်၊ ထုတ်လုပ်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်ဖော်ထုတ်နိုင်ရန် နည်းပညာများကို လက်တွေ့အကျိုးရလဒ်ရရှိအောင် အသုံးချသွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် ရေနံချက်လုပ်ငန်းသည် ဘေးအန္တရာယ် ဖြစ်နိုင်ခြေမြင့်မားသည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံလည်ပတ်မှုအဆင့်တိုင်း၌ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်စိစစ်ရန်၊ မီးဘေးနှင့် အရေးပေါ် အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန်၊ စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန်နှင့် ရေဆိုး၊ လေထုညစ်ညမ်းမှုများကို ထိန်းချုပ်ရန် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် လုပ်ငန်းကို ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံစွာ လည်ပတ်နိုင်ရန် မဖြစ်မနေလိုအပ်သည့် အခြေခံအချက်များဖြစ်ကြောင်း။

**အားလုံးဝိုင်းဝန်းတည်ဆောက်**

ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရာတွင်လည်း ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို အလျှော့ပေး၍မရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်လိုအပ်ကြောင်း၊ ထို့အပြင် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများကိုလည်း အချိန်မီသတင်းပို့တင်ပြနိုင်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို အားလုံးဝိုင်းဝန်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုကိုအခြေခံပြီး နောက်ဆက်တွဲစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များနှင့် လုပ်သားများအားလုံး၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ချီးကျူးလိုပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် စီမံကိန်းအဆင့်များကိုလည်း ယခုကဲ့သို့ပင် စည်းစည်းလုံးလုံး၊ တာဝန်ယူမှုရှိရှိဖြင့် မိမိတို့၏ ကျွမ်းကျင်မှုများကို အပြည့်အဝအသုံးချပြီး အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်း။

**အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေ**

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် စွမ်းအင်စီမံကိန်းများကို *စာမျက်နှာ ၅ သို့*



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ (အပိုင်း - ၁) ကို တွေ့ရစဉ်။

*စာမျက်နှာ ၄ မှ*

အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊လုပ်ငန်း ခွင် ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေနံချက်လုပ်ရေးနှင့် ရေနံဓာတုဗေဒကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် ရေရှည်အကျိုးရှိမှုကို အဓိကထားပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသည့် ရလဒ်များ ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ"** ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် စွမ်းအင်ဖွံ့ဖြိုးရေးတို့ကို အခြေခံပြီး လုပ်ငန်းစဉ်တစ်ခုချင်းစီကို စနစ်တကျ၊ အစီအစဉ်တကျဖြင့် ခိုင်ခိုင်မာမာ ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက် (Energy Museum) အတွင်း ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

### အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်

ဝန်ထမ်းများအားလုံး၏ စုစည်းညီညွတ်သည့်အင်အား၊ တာဝန်ယူမှု၊ ဆန်းသစ် တီထွင်လိုစိတ်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက်အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေရန်နှင့် **"စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး"** ဟူသော ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း -၁) အကောင်အထည်ဖော် တည်ဆောက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

### ဂါရဝပြုပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် စက်ရုံပုံစံငယ်အား ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အောင်မြင်စွာ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ပညာရှင်များအား အမှတ်တရဂုဏ်ပြု သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံအပိုင်း (၂) တည်ဆောက်မည့်နေရာသို့ သွားရောက်ကြပြီး သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂) အား ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက် (Energy Museum) အတွင်း ပြသထားသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု သမိုင်းကြောင်းဆိုင်ရာ ပြကွက်များနှင့် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် Weekend Market ပြုလုပ်ပြီး အမျိုးသမီးသင်တန်းကျောင်းများ၏ ထွက်ကုန်များကို ဈေးကွက်ချဲ့ထွင်ရောင်းချနိုင်ရေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စင်တာတွင် Weekend Market ပြုလုပ်ပြီး အမျိုးသမီးသင်တန်းကျောင်းများ၏ ထွက်ကုန်များကို ဈေးကွက်ချဲ့ထွင် ရောင်းချနိုင်ရေးအတွက် အဆိုပါစင်တာ၌ အောက်တိုဘာ ၁၂ ရက်က အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ထို့ပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ အဆင့်မြှင့်တင်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ကျွမ်းကျင်သင်တန်းသူများလေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်များနှင့် စင်တာအတွင်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြင်ဆင်မွမ်းမံရေး အစီအစဉ်တို့ကိုလည်း အသေးစိတ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် စက်ချုပ်သင်တန်း၊ လက်မှုပန်းထိုးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကုန်ချောထုတ်လုပ်ရောင်းချသည့် အရောင်းဆိုင်တို့ကို ကြည့်ရှုအားပေးသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ စက်ချုပ်သင်တန်းတက်ရောက်နေကြသည့် အမျိုးသမီးများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယအစိုးရ၏ အသေးစား ဖွံ့ဖြိုးမှုစီမံချက်များဖြစ်သည့် ရန်ကုန်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြှင့်တင်ရေးစီမံချက်၊ စက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်တာအပ်ချုပ်စက်များ၊ ဆိုလာများ တပ်ဆင်အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

လာခဲ့ကာ ၎င်းတို့အနက်မှ ၁၄၂ ဦးသည် ရန်ကုန်မြို့မှတစ်ဆင့် မြိတ်မြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မြိတ်ဆိပ်ကမ်း၌ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ထိုသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်သူ ၁၄၂ ဦးကို ရန်ကုန်မြို့မှ မြိတ်မြို့သို့ စစ်ရေယာဉ် ပြည်တော်အေး(၄) ဖြင့် ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ပြန်လည်ရောက်ရှိလာကြသူများကို ဆိပ်ငယ်ဗောတံတားတွင် နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူး၊ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုခဲ့ကြကာ ခရိုင်အားကစားခန်းမ၌ ခေတ္တထားရှိ၍ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ UID၊ e-ID စစ်ဆေးခြင်းနှင့် PSMS စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ မြို့နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ရေဘေးသင့်ကာလတွင် ထိခိုက်ပျက်စီးသွားသော လယ်မြေများ၌ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးဆွေးနွေး

**လေးမျက်နှာ အောက်တိုဘာ ၁၄**

လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် လက်သမား(ကရင်) ကျေးရွာအုပ်စု၌ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ ရေဘေးသင့်ကာလတွင် ထိခိုက်ပျက်စီးသွားသော လယ်မြေများ၌ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်များ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ပဲမျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ဧကများ မကျန်ရှိစေရန် တာဝန်ရှိသူများက မှန်ကန်မြန်ဆန်စွာ စာရင်းကောက်ယူရေး ညှိနှိုင်းဆွေးနွေးသည်။

ထိုမှတစ်ဆင့် အိုင်သပြုကျေးရွာအုပ်စု ကျောင်းကြီးပိုင်းရပ်ကွက်သို့ ရောက်ရှိပြီး ငဝန်မြစ်ရေ တိုက်စားခံရမှုမှ ကာကွယ်ရန် ဆောင်ရွက်ထားသော ကမ်းထိန်းလုပ်ငန်းများကိုလည်းကောင်း၊ ယမန်နှစ်က ကမ်းပြို၍ ရွှေ့ပြောင်းထားသော နေအိမ်များအတွက် လျှပ်စစ်မီးပြန်လည်သွယ်တန်းပေးရန် ဆောင်ရွက်ထားမှုအခြေအနေကို လည်းကောင်း လိုက်လံကြည့်ရှုသည်။

ယင်းနောက် ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံကာ အများသုံးရေတွင်းတူးဖော်ပေးရေး၊ ကျောင်းကြီးပိုင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဝင်ငွေတိုး အခြေခံအဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

**❖ သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိ အဓိကဆိပ်ကမ်းကြီးများအနက်မှ တစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများအား ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့်ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်၊ ဒွေးလမ်းဖောက်လုပ်မည့် လျာထားလမ်းကြောင်းတစ်လျှောက်အား မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာတွက်ချက်၍ လမ်းကွေ့နေရာများ၊ ဆင်ခြေလျှောနေရာများ၊ တံတားနေရာများ၌ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်လို**

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းလှည့်လည်၍ မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သီလဝါမီးရထားဘူတာရုံ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက လက်ရှိတိုးကြောင်ကလေး – သီလဝါရထားလမ်းပိုင်း၏ လမ်းပိုင်းဆိုင်ရာအချက်အလက်များ၊ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အပိုင်းအလိုက်တိုင်းတာမှုများပြုလုပ်ပြီး လုပ်ငန်းများလျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ သန်လျင်တံတားအမှတ်(၁)၏ **တံတားဆိုင်ရာ**အချက်အလက်များ၊ သီလဝါဘူတာယာဒ်ဝင်းများသို့ ဒွေးလမ်းများဝင်ရောက်မည့်ပုံစံနှင့် သီလဝါယာဒ်ဝင်းတိုးချဲ့မည့်အဆိုပြုပုံစံများ၊ လက်ရှိတိုးကြောင်ကလေး – သီလဝါရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### စနစ်တကျဖြစ်အောင်ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိ အဓိကဆိပ်ကမ်းကြီးများအနက်မှတစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများအား ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့်ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါရထားလမ်းပိုင်းအား ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဒွေးလမ်းဖောက်လုပ်မည့် လျာထားလမ်းကြောင်းတစ်လျှောက်အား မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာ တွက်ချက်၍ လမ်းကွေ့နေရာများ၊ ဆင်ခြေလျှောနေရာများ၊ တံတားနေရာများ၌ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သီလဝါဘူတာမှ သီလဝါဆိပ်ကမ်းဝင်းအတွင်းသို့လည်း ရထားလမ်းတိုးချဲ့ဖောက်လုပ်ရန်နှင့် တိုးချဲ့မည့် ဒွေးလမ်းလမ်းကြောင်းတစ်လျှောက် ကြိုတင်ဆောင်ရွက်နိုင်သည့် မြေနေရာရှင်းလင်းခြင်းနှင့် မြေကြီးလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် ကျောက်ထုတ်လုပ်ငန်းများကို ကနဦးဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း ယခုကတည်းက ကြိုတင်တွက်ချက်လျာထားစဉ်းစားဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းအား သံလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ရောက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ နောက်ခံသမိုင်းကြောင်း၊ မူဝါဒနှင့်လုပ်ငန်းတာဝန်များ၊ ကမ်းရိုးတန်းအရှည် ၁၂၆၀ ရေမိုင်ရှိ မြန်မာ့ဆိပ်ကမ်းများ၊ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်ရေး (Maritime Trade) ဆောင်ရွက်နိုင်မှုနှင့် အကျိုးအမြတ်ရရှိမှုများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်မြို့ ဆိပ်ကမ်းဧရိယာအတွင်းရှိ ဆိပ်ကမ်းတံတားများ၊ သီလဝါအပြင် ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းတံတားများ၊ ရန်ကုန်ဆိပ်ကမ်း၏ နှစ်စဉ်ကုန်စည်ကိုင်တွယ်နိုင်စွမ်းများ၊ ရန်ကုန်-ဒလ တံတားစီမံကိန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆောင်ရွက်မှု၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ အထွေထွေကုန်စည်တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်မည့်အစီအမံများ၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်လျက်ရှိမှု၊ မိုးရာသီနှင့် ပွင့်လင်းရာသီ ကုန်ကိုင်တွယ်ရရှိမှုအခြေအနေ၊ Transshipment လုပ်ငန်းလက်ရှိဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade)ကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် ပြည်တွင်းကမ်းရိုးတန်း ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် ကြပ်မတ်တွန်းအားပေးဆောင်ရွက်လျက်ရှိမှု၊ Semi Smart ကုန်သေတ္တာဆိပ်ကမ်း (Pilot Project) စီမံကိန်းလက်တွေ့အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ကုန်သေတ္တာဆိပ်ကမ်းများအလိုက် ဒီဂျစ်တယ်နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများသို့သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းများအား လေ့လာဆောင်ရွက်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### သင်္ဘောများဖြင့်တင်ပို့နိုင်

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ပင်လယ်ဝမှဝင်ရောက်သည့် ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေးအတွက် နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ Smart Semi Port နှင့် ပတ်သက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများဆိုက်ကပ်မှုများ များပြားလာသည့်အချိန်တွင် ကွန်တိန်နာများကို ပိုမိုလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များ ဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင်နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ အလားတူ ရန်ကုန်မြို့ရှိဆိပ်ကမ်းများသို့ ကွန်တိန်နာယာဉ်များ ဝင်ထွက်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာ ဝင်ရောက်ထွက်ခွာနိုင်ရေးအတွက် လမ်းများ အဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္မဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်စေခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်း၌ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက်လာသည့် တန်ချိန် ၂ သောင်းမှ ၃ သောင်း အထိတင်ဆောင်နိုင်သောသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်များနှင့် ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် တင်ပို့နိုင်ကြောင်း။

ဆိပ်ကမ်းများတွင် သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့် ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူပို့ဆောင်ရန်အတွက် ပိုမိုအဆင်ပြေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများ တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ အာဆီယံတောင်ပိုင်းကုန်းတွင်းလမ်းကို တည်ဆောက်နိုင်ရန်အတွက် အချို့နိုင်ငံများကလည်း စိတ်ပါဝင်စားမှုရှိသည်ကို သိရှိရကြောင်း၊ မြိတ်နှင့် ကော့သောင်းတို့တွင် ကော့သောင်းသည် နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကော့သောင်းဒေသကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပုသိမ်၊ ရန်ကုန်၊ ထားဝယ်တို့ရှိ ဆိပ်ကမ်းများသည် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ၏ အဓိကဆိပ်ကမ်းများဖြစ်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းအား နိုင်ငံတကာအတွက် ကုန်ပစ္စည်းများ Transit လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ရှိ ဆိပ်ကမ်းများသည် မိမိတို့ပြည်တွင်းကုန်စည်ပို့ဆောင်ရေးများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများအဆင်ပြေစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း (Dry port) သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွာသာကြီးဘူတာယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ *စာမျက်နှာ ၇ သို့*

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၈၁ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင် အား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၈၂ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(၂) ဒေါက်တာ ကိုကိုလွင် — ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပညာရဲရင့် ပွဲလယ်တင့်**

**ပညာရှေ့အိုးလူမခိုး**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၆ မှ*

ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရွာသာကြီး – မြစ်ငယ်–ရွာသာကြီးကုန်သေတ္တာရထားပြေးဆွဲမှု အခြေအနေများ၊ ရွာသာကြီးဘူတာအဝင်လမ်းဘေး မီးရထားပိုင်မြေနေရာနယ်နိမိတ်အား ခြံစည်းရိုးကာရံပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျတွက်ချက်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေနေရာများကို အကျိုးရှိရှိဖြင့် ကျစ်ကျစ်လျစ်လျစ် အသုံးချနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း ခွင့်ပြုပေးထားသည့်လုပ်ငန်းရပ်များနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် ကုန်းတွင်းဆိပ်ကမ်း(Dry Port) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့စံချိန်စံညွှန်းနေ့(World Standards Day 2026) အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

(၁၄)ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (World Standards Day 2026) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဆောင်ပုဒ်သည် စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ စသည့်ကဏ္ဍနယ်ပယ်အစုံအလင်တွင် စံချိန်စံညွှန်းများ၏ အရေးပါမှုကို အသိပညာပေးရန်ဖြစ်ပြီး မိမိတို့နိုင်ငံတွင်လည်း စံချိန်စံညွှန်းသတ်မှတ်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာစံချိန်စံညွှန်း ၁၃၃၁ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ချမှတ်ခဲ့ပြီးသော စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အခွင့်အလမ်းကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း အမျိုးသား စံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ Secretary General Mr. Sergio Mujica ၏ အမှာစကားနှင့် ISO ၏ World Standards Day (2026) ဆိုင်ရာ ဗီဒီယိုပြသသည်။

ထို့ပြင် သက်ဆိုင်ရာ စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာဆပ်ကော်မတီများက Clean Energy And Energy Management System (MMS ISO 50001: 2011)ကိုလည်းကောင်း၊ Renewable Energy (Photovoltaic) နှင့် Energy Efficiency ဆိုင်ရာ စံချိန်စံညွှန်းများကိုလည်းကောင်း၊ AI Standards and Clean Energy Provision ကို လည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးပြောကြားကြသည်။



အခမ်းအနားသို့ အမျိုးသား စံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဘယ်လာရုစ်နိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့် ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ်အကောင်အထည်ဖော်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၃ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်တာဝန်ပေးမည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒေါက်တာကိုကိုလွင်တို့ကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားမှုအပေါ် ကန့်ကွက်သူမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အား ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည် ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ၅၈ မြို့နယ်တွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ အရေးပေါ်အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊သို့ဖြစ်ပါ၍ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၉) ဒေါ်သိင်္ဂီဝင်းရွှေ**က သဘောတူစာချုပ်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်မှာ အခွန်ရှောင်တိမ်းမှုနှင့် အခွန်ဆိုင်ရာမသမာမှုများကို ကာကွယ်တားဆီးရေးဖြစ်ပါကြောင်း၊ အခွန်စနစ်တွင် တရားမျှတမှုရှိရန် လိုအပ်သလို အခွန်ထမ်းသူ၏ တရားဝင်အခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်ပြီး အခွန်ဥပဒေကို မသမာစွာ အလွဲသုံးစားပြုခြင်းကိုလည်း ထိရောက်စွာ ကာကွယ်တားဆီးရမည်ဖြစ်ပါကြောင်း၊ ဤသဘောတူစာချုပ်သည် အခွန်သက်သာခွင့်ပေးသည့် စာချုပ်တစ်ခုသာမက အခွန်ကောက်ခံခွင့်ကို မျှတစွာ ခွဲဝေသတ်မှတ်ပေးသည့် စာချုပ်လည်းဖြစ်သောကြောင့် နှစ်နိုင်ငံလုံးအတွက် စီးပွားရေးယုံကြည်မှု တိုးတက်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့်တရားမျှတမှု တိုးတက်ခြင်း၊ ဒေသတွင်း စီးပွားရေးဆက်ဆံမှု တိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများကို မျှော်မှန်းနိုင်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးကို ပိုမိုတိုးတက်စေနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ကောင်းစွာဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကာကွယ်တားဆီးရေးသဘောတူစာချုပ် (Double Taxation Agreement – DTA) ချုပ်ဆိုခြင်းသည် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများကို အခွန်လျှော့ပေးရန် သက်သက်မဟုတ်ဘဲ အခွန်သက်သာမှုနှင့် နိုင်ငံတော်အခွန်ဝင်ငွေ မလျော့ကျစေရေးနှစ်ခုကို ချိန်ညှိပြီး လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာပါက နိုင်ငံခြားငွေရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူဖြစ်စေသော နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး**က အခွန်ဝင်ငွေဆိုသည်မှာ နိုင်ငံ၏အသက်သွေးကြောဖြစ်သော်လည်း အခွန်နှစ်ထပ်စနစ်ကြောင့် အလုပ်လုပ်သူများတွင် တစ်ဦးချင်းဝင်ငွေ သိသိသာသာ လျော့နည်းလာခြင်း၊ မိသားစုထောက်ပံ့နိုင်မှု ကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု အားလျော့လာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများဖြစ်လာစေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာစေကြောင်း၊ ထို့မျှမက အခွန်နှစ်ထပ်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအပေါ် ဆိုးကျိုးများ ပေါ်ပေါက်လာစေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးရခြင်း၊ ငွေလွှဲပြောင်းမှု ပမာဏနည်းသွားခြင်း၊ တရားမဝင် ငွေကြေးလည်ပတ်မှု ကြီးမားလာခြင်း၊ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကျဆင်းခြင်း၊ အခွန်စည်းကြပ်မှု ကုန်ကျစရိတ်တိုးလာခြင်းများကြောင့် နိုင်ငံ့စီးပွားသည် ရှေ့သို့မရောက်ဘဲ ရပ်တန့်သွားတတ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အခွန်နှစ်ထပ်စနစ်ကို ရှောင်ရှား၍ ဝင်ငွေခွန်ကို နှစ်ကြိမ်မပေးဆောင်စေရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အချိုးညီ အထောက်အကူပြုစေသည်ဟု ယူဆပါကြောင်းနှင့် အခွန်နှစ်ထပ်စနစ်ဖြင့် ဝင်ငွေခွန်နှစ်ကြိမ်၊ နှစ်နေရာ မကျခံစေရေးအပေါ် လေးလေးနက်နက်ကြိုဆိုသလို အခွန်တိမ်းရှောင်မှု မပြုရေးစာချုပ်ကိုလည်း ခြွင်းချက်မရှိ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင် တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ချုပ်ဆိုထားသည့် "ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်"သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှုမြင့်မားလာစေခြင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

လွှတ်တော်က အတည်ပြုပြီးပါက စာချုပ်အပိုဒ် ၃၀၊ အပိုဒ်ခွဲ (၁) အရ စာချုပ်ဝင်နိုင်ငံအချင်းချင်း သက်ဆိုင်ရာဥပဒေအရ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးအကြောင်းကြားစာ (Instrument of Notification)ကို အပြန်အလှန်ပေးပို့ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ် အကျိုးသက်ရောက်စေရေး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စုလွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀)ဦးသန်းအေး(ခ) ဦးတင်ဦး**က အဆိုပါစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး သံတမန်နည်းလမ်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပါက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြေလျှော့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိ အထောက်အကူပြုစေနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအရ နဝမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူစာချုပ်အသက်ဝင်ရေး အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က သဝဏ်လွှာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝရရှိနိုင်ရန်၊ ကတိကဝတ်များ၊ ဖြေလျှော့မှုအတိုင်းအတာ၊ အကျိုးကျေးဇူးနှင့် အန္တရာယ်များကို သိရှိထားရန်လိုအပ်ပါကြောင်း၊ အကျိုးကျေးဇူးများကို သာသိပြီး ကတိကဝတ်များ၏ အတိုင်းအတာကို မသိခြင်း၊ ဖြေလျှော့ပေးရမည့်အချက်များကို မသိဘဲ အတည်ပြုခြင်းသည် နိုင်ငံ၏ ရေရှည်ဘဏ္ဍာရေးအကျိုးစီးပွားနှင့် ဆက်စပ်နေသည့် ဆုံးဖြတ်ချက်တစ်ခုအတွက် လုံလောက်သည့် အခြေခံမဟုတ်ပါကြောင်း၊ အကျိုးကျေးဇူးများရရှိနိုင်မည်ဟူသော မျှော်မှန်းချက်တစ်ခုတည်းဖြင့် မိမိတို့နိုင်ငံက မည်သည့် ကတိကဝတ်များကို လက်ခံထားသည်၊ မည်သည့် အတိုင်းအတာအထိ ဖြေလျှော့ပေးရမည်ဆိုသည်ကို မသိရှိဘဲ အတည်ပြုဆုံးဖြတ်ရန် မသင့်လျော်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်နှင့် နောက်ဆက်တွဲများကို အသက်ဝင်စေရန် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း (၁၈၀)အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အတည်ပြုစာချွန်လွှာ လက်ခံရရှိကြောင်း အခြားအဖွဲ့ဝင်များထံ အကြောင်းကြားစာပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ စာချုပ်အကျိုးသက်ရောက်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန်ဖြစ်ပါကြောင်း၊ နဝမအကျော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အာမခံလုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းနှင့် အခြားငွေရေးကြေးရေးဝန်ဆောင်မှုကဏ္ဍခွဲများကိုလည်းကောင်း ဖြေလျှော့ပေးမည်ဖြစ်ပါကြောင်း။

သဘောတူညီချက်ပါ ဖြေလျှော့မှုဇယား (SOC)ကို ပြည်တွင်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ပြင်ဆင် အကောင်အထည်ဖော်ခဲ့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားရာနှုန်းပြည့် အသက်အာမခံကုမ္ပဏီ ၅ ခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ ၃ ခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ ၃ ခု စုစုပေါင်း ၁၁ ခုကို လိုင်စင်ပေးအပ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၂၇ ခုကိုလည်း ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် ငွေကြေးလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေလာခြင်း၊ နိုင်ငံခြားဘဏ်ခွဲများက မတည်ရင်းနှီးငွေများ ယူဆောင်လာခြင်းဖြင့် နိုင်ငံခြားငွေစီးဝင်မှုကို အထောက်အကူပြုခြင်းနှင့် စီမံကိန်းဘဏ္ဍာငွေများရရှိနိုင်ခြင်း၊ ပြည်တွင်းဘဏ်များက အဆင့်မြင့်နည်းပညာ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများကို လေ့လာသင်ယူခွင့်ရရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နှစ်နိုင်ငံသုံးငွေကြေးဖြင့် တိုက်ရိုက်ပေးချေမှုများ ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုတိုးတက်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့ကာ အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားပြီးဖြစ်သော အဆိုပါသဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုး၍ သံတမန်လမ်းကြောင်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အတည်ပြုစာချွန်လွှာ (Instrument of Ratification) ပေးပို့နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (က)တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ၊ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံခြားငွေဖြင့် ချေးငွေရယူရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ (Exchange Rate Risk) နှင့် အတိုးနှုန်းပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြေ (Interest Rate Risk)များကို ကြုံတွေ့နိုင်သဖြင့် Exchange Rate Risk အနည်းဆုံးဖြစ်စေရန်အတွက် ငွေကြေးအမျိုးအစားခိုင်မာမှု၊ သက်ဆိုင်ရာ အခြေခံအတိုးနှုန်းနှင့် ပြန်ဆပ်ကာလတို့ကို စိစစ်အကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ အများဆုံး (၅) နှစ်ဖြစ်၍ ကာလတိုချေးငွေဖြစ်သဖြင့် ဈေးကွက်ပြောင်းလဲမှုကြောင့် သက်ရောက်မှု လျော့နည်းနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံပိုင်ဘဏ်(၃)ဘဏ်(မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)နှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Banking Arrangement)များကို ၂၀၂၅ ခုနှစ် နိုဝင်ဘာနှင့် ၂၀၂၆ ခုနှစ် မေလတို့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဘဏ်စာရင်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပို့ကုန်ချေးငွေကို နိုင်ငံခြားငွေကြေးအမျိုးအစား (၅) မျိုးဖြင့် ရယူနိုင်သဖြင့် Sanction အကျုံးမဝင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် သင့်လျော်သော ငွေပေးချေမှုလမ်းကြောင်းကို ကြိုတင်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့် ပစ္စည်းနှင့်ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ် အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ပို့ကုန်ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်များ (Basic Agreement)ကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၉ နှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်မဲခွဲရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းမှာ သီးခြားစီမံကိန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်၍ ချေးယူခြင်းမျိုးမဟုတ်ဘဲ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် ဖြစ်ပေါ်လာသည့် လိုငွေကို ဖြည့်ဆည်းရန်အတွက် ချေးယူခြင်းဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူရန် လျာထားငွေကျပ် ၂၁၀၀ ဘီလီယံမှာ အသားတင်ချေးယူငွေ ဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူထားခြင်း မရှိသေးပါကြောင်း၊ အဆိုပါ ကျပ် ၂၁၀၀ ဘီလီယံသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန် လျာထားသည့်ပမာဏ ဖြစ်ပါကြောင်း၊ အဆိုပါပမာဏကို မဖြစ်မနေ အပြည့်အဝအသုံးပြုရမည်ဟု ဆိုလိုခြင်း မဟုတ်ပါကြောင်းနှင့် လစဉ် အစိုးရငွေတိုက်လက်မှတ်/အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် ကြိုတင်ရောင်းချဖြည့်ဆည်းပြီးနောက် လကုန်ဆုံး၍ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းပိတ်ချိန်တွင် လိုငွေဖြစ်ပေါ်လာမှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၊ ပုဒ်မ ၅ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိရောက်သော အသုံးစရိတ်များဖြစ်စေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အစိုးရဌာန/အဖွဲ့အစည်းများကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၃၅/၂၀၁၇)နှင့်အညီ ရငွေများကို ပြည့်မီစေရေး စီမံကြီးကြပ်ကောက်ခံရန်လိုအပ်ပြီး အသုံးစရိတ်များ သုံးစွဲရာတွင် လိုက်နာရမည့် အခြေခံအချက်များ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေရယူရန် ကျပ် ၂၁၀၀ ဘီလီယံ လျာထားမှုအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်**က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အစိုးရငွေတိုက်လက်မှတ်များအပေါ် အတိုးနှုန်း ၄ ရာခိုင်နှုန်းဖြင့် ဗဟိုဘဏ်က ဝယ်ယူသည့်နည်းလမ်းဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်မည့် အချိန်ဇယားနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ(၉၃) ပါ ပြဋ္ဌာန်းချက်အတိုင်း ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ချေးငွေကြောင့် ငွေကြေးဖောင်းပွမှု၊ တန်ဖိုးကျဆင်းမှုအပေါ် သတိပြုရန်နှင့် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒကို ညှိနှိုင်းဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ဗဟိုဘဏ်တွင် ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ချလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းမှုရာခိုင်နှုန်း ၇၀ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၈၂ ရာခိုင်နှုန်းသို့ သိသိသာသာ လျော့ကျလာခဲ့ပါကြောင်း။

ငွေကြေးဈေးကွက် (Money Market)နှင့် တစ်ဆင့်ပြန်လည်ရောင်းချသည့်ဈေးကွက် (Secondary Market) ဖွံ့ဖြိုးလာသည်နှင့်အမျှ ဗဟိုဘဏ်မှငွေချေးရယူမှုကို ပိုမိုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုဖိအားများကို လျော့နည်းစေရန် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုး (CRR) ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်း စသည့် ငွေကြေးမူဝါဒများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးမူဝါဒကော်မတီတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးပါဝင်ပြီး လစဉ်အစည်းအဝေးများ ပြုလုပ်ကာ မူဝါဒများကို ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုငွေအနက် ခန့်မှန်းချက်အရ ငွေကျပ် ၂၁၀၀ ဘီလီယံအတွင်း လိုအပ်ပါက ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ (၉၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ သာမန်ရငွေအပိုင်းတွင် လျာထားချက်နီးပါး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းရငွေအပိုင်းတွင် ပြည်ပအကူအညီရငွေဖြင့် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှုမရှိခဲ့သည့်အတွက် ယင်းအသုံးစရိတ်များနှင့် ဆက်နွှယ်သည့် ပြည်ပအကူအညီရငွေများ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြွေးမြီရငွေအပိုင်းတွင် မြီရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိသဖြင့် နိုင်ငံတော်မှစိုက်ထုတ်ပေးချေရမှု မရှိခဲ့သည့်အတွက် သက်ဆိုင်ရာဌာနမှ ပြန်လည်ပေးသွင်းမှုမရှိခဲ့ခြင်း၊ ကိုဗစ်-၁၉ Special Relief Loan နှင့် ကိုဗစ်-၁၉ Fund မှ ထုတ်ချေးငွေတို့အတွက် နိုင်ငံတော်သို့ အပြည့်အဝ ပြန်လည်ပေးဆပ်မှုမရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အပိုင်းတွင် ပြည်ပချေးငွေအပေါ် အတိုးပေးချေမှုလျော့နည်းခဲ့ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးထည့်ဝင်မှု လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ပြည့်မီရန် အနည်းငယ်သာ လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်အပိုင်းတွင် နယ်မြေဒေသနှင့် ရာသီဥတုအခြေအနေများအရ အချို့တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်း၊ ဓာတ်အားပေးစက်ရုံများအတွက် Spare Part ပစ္စည်းများ စာချုပ်ချုပ်ဆိုဝယ်ယူရာတွင် အချို့စက်ပစ္စည်းများ အချိန်မီပေးသွင်းနိုင်မှု မရှိခဲ့ခြင်း၊ တင်ဒါပိုလျှံငွေများဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ ဆိုင်းငံ့နေခြင်းကြောင့် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့နှင့်ဆက်နွှယ်သည့် အသုံးစရိတ်များ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ပါကြောင်း။

ကြွေးမြီအသုံးစရိတ်အပိုင်းတွင် ပိုလန်နိုင်ငံချေးငွေအပေါ် အရင်းပေးဆပ်ရာတွင် Internal Policy ကြောင့် ငွေပေးချေနိုင်မှုမရှိခဲ့ခြင်း၊ မြီရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရရှိသုံးစွဲနိုင်မည့်ရငွေနှင့် အသုံးစရိတ်တို့ကိုသာ လျာထားရေးဆွဲကြရန်နှင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း အမှန်တကယ်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအတွက်ကိုသာ ထည့်သွင်းလျာထားရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်နိုင်ပါရန်နှင့် အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၆)ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ရေဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) ဦးချစ်ဆွေက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# ပြည်သူ့ဆေးရုံများအား အဆင့်မြှင့်တင်ရာတွင် ဆေးနှင့်ဆေးပစ္စည်းများ၊ အခြေခံအဆောက်အအုံများကို နှစ်စဉ်ဘတ်ဂျက် လျာထားရရှိမှု၊ နယ်မြေဒေသအေးချမ်းမှုတို့အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးသွားမည်



**နေပြည်တော် အောက်တိုဘာ ၁၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန့်ထားပေးနိုင်ရေး၊ ဆေးတက္ကသိုလ်ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပန်းတနော်မဲဆန္ဒနယ်မှ ဦးကျော်မင်းသန်း၏ **ဓနုဖြူမြို့နယ် ကျူတောရိုး၊ ကျီးချောင်း၊ ခနောင်ရိုက်ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်းအစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဓနုဖြူမြို့နယ် အကျော်-ကျူတောရိုး - ကျီးချောင်း ကျေးရွာချင်းဆက်လမ်း အရှည် ၅ မိုင် ၃ ဖာလုံရှိပြီး ကျောက်ခင်းလမ်း ၂ မိုင် ၂ ဖာလုံနှင့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း၊ မြေသားလမ်း ၃ ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်မြေသားလမ်းအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ နတ်ရေကန်- ဘလွေ-ကျောက်ဆစ်ကန်လမ်းမှ ကျောက်ခင်းလမ်းအား ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိသော မြေသားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်-ဘလွေ-ကျောက်ဆစ်ကန်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အရှည် ၆ မိုင် ၄ ဖာလုံရှိသော Class A အဆင့်လမ်းဖြစ်ပြီး ပျက်စီးနေသည့် ကျောက်လမ်း ၂ မိုင် ၃ ဒသမ ၂၈ ဖာလုံအားပြန်လည်ပြုပြင်ခြင်းနှင့် မြေသားလမ်း ၄ မိုင် ၀ ဒသမ ၇၂ ဖာလုံအား ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန်အတွက် နယ်မြေဒေသအခြေအနေအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်နိုင်ပါက ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ်ရှိ မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်းမကြီးမှ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်သည့် ကတ္တရာလမ်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်း ထန်းပင်ကန်ကျေးရွာမှ ရိုးကျေးရွာကြား ကတ္တရာလမ်း ၄ ဖာလုံကို ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည် ၂ မိုင် ၁ ဖာလုံအနက် ပျက်စီးနေသော လမ်းပိုင်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ အကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ၁ မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန် ၁ ဦး ခန့်ထားပေးရန်အစီအစဉ် ရှိ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြု ၉ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်လျက်ရှိပြီး လိုအပ်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အား လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ၂၀၁၆ ခုနှစ်အတွင်း စိစစ်ခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၃ ခုတို့တွင် လိုအပ်နေသော ဆေးတက္ကသိုလ် ၁ ခု ဖွင့်လှစ်ပေးနိုင်ပါရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဆေးတက္ကသိုလ်ခွဲဝေနေရာချထားရာတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည့်မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား သွားလာရေးအဆင်ပြေလွယ်ကူစေရန်နှင့် ပညာသင်ယူမှု အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံအောက်ပိုင်းတွင် တည်ရှိသည့် ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့သို့ လွန်ခဲ့သော ၁၅ နှစ်ခန့်ကတည်းကပင် ခွဲဝေနေရာချထား၍ တက်ရောက်စေပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိသူဦးရေအနေဖြင့် တစ်နှစ်လျှင်ပျမ်းမျှ ကရင်ပြည်နယ်မှ ၅ ဦး၊ မွန်ပြည်နယ်မှ ၄၉ ဦး၊ တနင်္သာရီ တိုင်းဒေသကြီး ၇ ဦးသာရှိခဲ့သည့်အတွက် အဆိုပါဒေသကြီး ၃ ခုတွင် ဆေးတက္ကသိုလ် ၁ ခု ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် နိုင်ငံတော်၏လိုအပ်ချက်ပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **“နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဖာပွန် မဲဆန္ဒနယ်မှ ဦးစောဝင်းထိန်** က ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် ယှဉ်တွဲပြီး နိုင်ငံအတွက် အရေးပါနေသကဲ့သို့ တစ်ခုနှင့်တစ်ခု အပြန်အလှန်ယှက်နွယ်နေပါကြောင်း အဆိုကို အကောင်အထည်ဖော်ပေးနိုင်မည်ဆိုပါက ပြည်သူ၊ အစိုးရနှင့် လွှတ်တော်များအတွက်ပါ အကျိုးကျေးဇူးများမည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်များ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်နိုင်စွမ်းကို ပြည်သူများ ပိုမိုယုံကြည်လာမည်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုများ ရရှိလာမည်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းကံ** က အဆိုအပေါ် ပြည်သူလူထုတစ်ရပ်လုံး အကျိုးဖြစ်ထွန်းရန် အမြင်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအမြင်၊ Life Expectancy မြင့်တက်လာရန်အမြင်၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်ရေးအမြင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအမြင်ဖြင့် ကြည့်ကြည့် နိုင်ငံရေးအမြင်၊ ငြိမ်းချမ်းရေးအထောက်အကူပြုအမြင်၊ မည်သည့်အမြင်မျိုးဖြင့် ကြည့်ရှုသည်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးရှိသည့်အတွက် ဒေသဇုန်များခွဲပြီး ရောဂါကြီးများ အတွက် နိုင်ငံတကာအဆင့်မီကုသပေးနိုင်မည့် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးရေးသည် အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်သည့်အတွက် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးဆင်ဆုန်း**က ယခုအဆိုသည် ဝေးလံခေါင်သီသည့် ဒေသများမှ တိုင်းရင်းသားမိဘပြည်သူလူထုအားလုံးအတွက် အလွန်တန်ဖိုးရှိသောအဆိုဖြစ်ပြီး ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုအားလုံးအပေါ် တန်းတူညီမျှတန်ဖိုးထားကြောင်း ပေါ်လွင်စေသော အဆိုဖြစ်ပါကြောင်း၊ သာမန်နာမကျန်းသူသည် ပြဿနာမရှိသော်လည်း ကင်ဆာ၊ ကျောက်ကပ်၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် အူအတက်ရောဂါများကိုမူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိ တက်ရောက်ကုသရန် များစွာအခက်အခဲရှိပါကြောင်း၊ ထို့ကြောင့် ဝေးလံခေါင်သီဒေသမှ ပြည်သူများ၊ ရောဂါကြီးများကို ခေတ်မီစက်ကိရိယာကြီးများဖြင့် နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန် ဒေသဇုန်ကြီးများ သတ်မှတ်ပြီး အထူးကုဆေးရုံကြီးများ သီးခြားထူထောင်ဖွင့်လှစ်ပေးခြင်းသည် ကောင်းမွန်သည့်အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အနေဖြင့် ပြည်နယ်ပြည်မ မခွဲခြားဘဲ၊ နိုင်ငံသားအားလုံးအပေါ်၊ တိုင်းရင်းသားလူမျိုးစုအားလုံးအပေါ် ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို တန်းတူခံစားပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်း၊ စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ယုံကြည်မှုများ ပိုမိုအားကောင်းလာစေရန် များစွာအထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဆိုသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ပူပင်သောက၊ ဒုက္ခနှင့် ဝန်ပိနေမှုများကို အများဆုံးလျှော့ချပေးနိုင်မည့် အစီအစဉ်ဖြစ်သည်ဟု ယုံကြည်သည့်အတွက် တစ်နိုင်ငံလုံးတွင် ရှိကြသည့် တိုင်းရင်းသားမိဘပြည်သူလူထု အားလုံး၏ကိုယ်စား အဆိုအပေါ် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်းနှင့် ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်လင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာ ကြည့်ရှုကုသမှုနှင့် ပတ်သက်၍ နယ်မြေဒေသအေးချမ်းတည်ငြိမ်သော ဒေသများရှိ ပြည်သူ့ဆေးရုံတိုင်းတွင် အရေးပေါ်နှင့် ပြင်ပလူနာဌာနများကို ၂၄ နာရီ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ခုတင် ၁၀၀ ဆံ့ဆေးရုံများမှစတင်ပြီး အထူးကုဆရာဝန်များ ခန့်အပ်တာဝန်ပေးကာ အထူးကုပြင်ပလူနာဌာနများကို နံနက်ပိုင်းသာမက နေ့လယ်ပိုင်းများတွင်ပါ တိုးချဲ့ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုလက်လှမ်းမီစွာရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြင်ပလူနာများ စောင့်ဆိုင်းရချိန်လျှော့ချရေးနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ ခွဲဝေချထားပေးခြင်း၊ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအား အဆင့်မြှင့်တင်ရာတွင် ဆေးနှင့်ဆေးပစ္စည်းများ၊ အခြေခံအဆောက်အအုံများကို နှစ်စဉ်ဘတ်ဂျက်လျာထားရရှိမှု၊ နယ်မြေဒေသအေးချမ်းမှုတို့အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရင်းအမြစ်များရရှိနိုင်မှုကို တွက်ချက်ကာ အများပြည်သူ ကုသရေးဝန်ဆောင်မှု တိုးမြှင့်ရရှိစေရန်အလို့ငှာ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအား ငွေကြေးအခက်အခဲမဖြစ်စေဘဲ လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများရရှိနိုင်ရေးအတွက် နောင်အနာဂတ်ကာလတွင် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်ကို နိုင်ငံ၏လူမှုစီးပွားအခြေအနေနှင့် ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့နှင့် လိုက်လျောညီထွေစွာ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးကို သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံသစ်ကြီးများကို အစမှအဆုံး အသစ်ဖွင့်လှစ်ထူထောင်ခြင်းသည် ကြီးမားသောဘဏ္ဍာငွေ၊ အဆင့်မြင့်စက်ပစ္စည်းများနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ စသည့်လူ့စွမ်းအားအရင်းအမြစ်အမြောက်အမြားအချိန်ယူစုဆောင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒေသအလိုက်ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ဆေးရုံကြီးများတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ခေတ်မီကုသရေးနှင့် ရောဂါရှာဖွေရေးပစ္စည်းများအား နှစ်စဉ်တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားရှိပြီး အဆင့်ဆင့်ဆက်လက်စီမံဆောင်ရွက်သွားမည် ဖြစ်သောကြောင့် နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အဆိုအပေါ် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို စနစ်တကျ အလေးအနက်မှတ်သားထားပြီး တိုးတက်မှုအခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## ၂၀၂၄ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲအမှတ် (၅၅၁) မှ (၁၁၀၀) အထိ အတွဲပေါင်း (၅၅၀)ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၆၃ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲအမှတ် (၁၁၀၁) မှ (၁၆၀၅) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၅ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါမြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးH.E. Mr.Maziad Mohammed Maziad M.Alhowishan အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M.Alhowishan နှင့် သံရုံးတာဝန်ရှိသူများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ လုပ်သားစေလွှတ်ခြင်း ကဏ္ဍများအပေါ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု၌ အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည်ကို ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များတွင် သဘောတူညီချက် ချုပ်ဆိုနိုင်ရေးကို ကြိုဆိုပါကြောင်း၊ အာဆီယံနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်မှုများရှိသကဲ့သို့ ဆော်ဒီအာရေဗျ နိုင်ငံသို့လည်း စေလွှတ်မှုများ ရှိပါကြောင်း၊ လုပ်သားစေလွှတ်ရာတွင် မိမိတို့နိုင်ငံသားများအတွက် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများ၊ လုပ်ခလစာရရှိမှု၊ လူနေမှုအဆင့်အတန်းနှင့် နေထိုင်မှု ကုန်ကျစရိတ်များကို ကြည့်ရှုပြီး သဘောတူညီချက်ချုပ်ဆိုနိုင်ရေး စဉ်းစားဆောင်ရွက်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ၏ အလုပ်သမားအခွင့်အရေး ပြည့်ဝစွာရရှိရေး၊ လုပ်ခလစာ ကောင်းမွန်စေရေးကို အဓိကထား ဆောင်ရွက်လျက်ရှိသောကြောင့် နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံမှ လုပ်သားများ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရာတွင် ဘေးကင်းလုံခြုံပြီး ရပိုင်ခွင့်များ အပြည့်အဝရရှိစေမည့် စနစ်တကျ စေလွှတ်နိုင်ရေး အတွက်လည်း ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ အခြေစိုက်ဆော်ဒီအာရေဗျနိုင်ငံ သံရုံးမှ သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငဆစ်ဖားရေအားလျှပ်စစ်စက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုအပ်

**တီးတိန် အောက်တိုဘာ ၁၄**

ဖလမ်းမြို့နှင့် အနီးအနားကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့် ငဆစ်ဖား ရေအားလျှပ်စစ်စက်ရုံသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စက်ရုံအဆောက်အအုံနှင့် စက်ရုံစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အခြေအနေကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တီးတိန်မြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

**တွေ့ဆုံအားပေးစကား ပြောကြား**

ဆက်လက်၍ တီးတိန်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ် သင်ကြားနေသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး စက်မှုဘာသာရပ် လက်တွေ့ခန်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ သာသနာရေးဦးစီးဌာနပိုင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပြန်လည်ပြုပြင်နိုင်ရေးအခြေအနေကိုလည်းကောင်း၊ တီးတိန်မြို့နယ် သမဝါယမဦးစီးဌာန ရုံးအဆောက်အအုံ ပြင်ဆင်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာ ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ဝန်ထမ်းများ ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့မှတစ်ဆင့် တွန်းဇံမြို့ စိန်ဖရန့်ဆစ်ဘုရားကျောင်းခန်းမ၌ တွန်းဇံမြို့ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက နယ်မြေတည်ငြိမ်အေးချမ်းမှ အစိုးရယန္တရားများ လည်ပတ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရန် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများဖြင့် ပြန်လည်ထူထောင်ရေး ကိစ္စများကို လာရောက် ဆောင်ရွက်ကြခြင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ရေရရှိရေး၊ မြို့သန့်ရှင်းသာယာ လှပရေးတို့ကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး တွန်းဇံမြို့ ရပ်မိရပ်ဖ ဥက္ကဋ္ဌ၏ ပညာရေး၊ ဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုအပေါ် ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

**ကြည့်ရှုစစ်ဆေး**

တွေ့ဆုံပွဲအပြီးတွင် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ပြည်သူ့ဆေးရုံ၊ ခေါဝုန်/လေးဆန် အခြေခံပညာမူလတန်းလွန်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၁၁)နှစ်မြောက် NCA နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ချုပ်ဆိုခဲ့သည်မှာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် (၁၁) နှစ်မြောက်တိုင်တိုင်ရှိပြီဖြစ်ပါသည်။ NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ "ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" From Peace, Social Cohesion to Development ဆောင်ပုဒ်နှင့်အညီ အနှစ်သာရရှိရှိ ကျင်းပသွားမည်ဖြစ်ပါသည်။**

**အောင်ကျော်မိုး(ငြိမ်းချမ်းရေး)**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဆိုးမွေအဖြစ် ပြည်တွင်းပဋိပက္ခများ ယှဉ်တွဲပါလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသဖြင့် ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများတွင် ဒီမိုကရေစီ ပထမအစိုးရလက်ထက်က အကောင်အထည်ဖော်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် အထင်ကရ စာချုပ်တစ်ခုအဖြစ် ယနေ့ထက်တိုင် တည်ရှိနေပါသည်။

NCA စာချုပ်ဖော်ဆောင်မှုအစမှာ ဒီမိုကရေစီ ပထမအစိုးရကာလ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှအစပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် ကြားကာလတွင် အစိုးရနှင့် EAO အဖွဲ့ ၁၅ ဖွဲ့သည် နှစ်ဖက်သဘောတူ အပစ်ရပ်စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် EAO အဖွဲ့များ၏ အဓိကညှိနှိုင်းဆွေးနွေးရေးအဖွဲ့အဖြစ် EAO ၁၆ ဖွဲ့ပါဝင်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ Nationwide Ceasefire Coordination Team-NCCT ကို ဖွဲ့စည်းခဲ့ပြီး NCA(မူကြမ်း)ကို ရေးဆွဲနိုင်ခဲ့ပါသည်။ အစိုးရမှ Myanmar Peace Center- MPC နှင့် NCCT အဖွဲ့တို့သည် ၂၀၁၄ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ NCA(မူကြမ်း) ရရှိရေးအတွက် ခုနစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အခန်း (၇)ခန်း၊ အပိုဒ် (၃၃) ပိုဒ်ပါ သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် EAO အဖွဲ့ (၈)ဖွဲ့နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် EAO အဖွဲ့နှစ်ဖွဲ့ စုစုပေါင်း အဖွဲ့ (၁၀)ဖွဲ့အထိ အကောင်အထည်ဖော် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစတင်ကာ NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး ထိုကာလအတွင်း အစည်းအဝေးများ၊ တွေ့ဆုံညှိနှိုင်းမှုများ စုစုပေါင်းအကြိမ်ရေ ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ကြရပါသည်။

NCA သည် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် သက်သက်မျှသာမဟုတ်ဘဲ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ဆောင်နေသည့် လုပ်ငန်းမူဘောင်တစ်ခုလည်းဖြစ်ပါသည်။ NCA စာချုပ်သည် လွယ်လွယ်ကူကူ ဖြစ်လာခဲ့ခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့သည့် သံသယများ၊ အမုန်းတရားများ၊ အာဃာတတရားများကို ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်ပွင့်လင်းမှု၊ အပြန်အလှန်လေးစားမှုတို့နှင့် အချိန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ထိုသို့ခိုင်မာသည့် စာချုပ်တစ်ခု၏ တန်ဖိုးအနှစ်သာရကို ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပါသည်။ NCA စာချုပ်သည် ငြိမ်းချမ်းရေး၏ မုခ်ဦးတံခါးဝတစ်ချပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်သွားမည်မဟုတ်ပါ။

**NCA ၏ အနှစ်သာရသည် ဒွိတာဝန်အရေး သုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနှင့် တရားမျှတမှုတို့ကိုအခြေခံ၍ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်ကိုအခြေခံကာ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ပင်ဖြစ်ပါသည်။** NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူအားလုံးကလည်း နှီးဆော်တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှုများကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားရမည်ဖြစ်ပါသည်။

> **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် သီးခြားစီတည်ရှိနေခြင်းမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည့် ဒေါက်တိုင်များသာဖြစ်ပါသည်။ စစ်မှန်သောငြိမ်းချမ်းရေးသည် သေနတ်သံများ တိတ်ဆိတ်သွားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအဆင့်မျှသာမဟုတ်ဘဲ လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် တန်းတူညီမျှမှုတို့ကို အခြေခံသည့် လူမှုသဟဇာတဖြစ်မှုရှိမှသာလျှင် ရေရှည်ခိုင်မာစွာ အမြစ်တွယ်နိုင်မည်ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှုလျော့နည်းသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် မတူကွဲပြားမှုများမှတစ်ဆင့် ပဋိပက္ခများ ပြန်လည်စိမ့်ဝင်လာနိုင်သကဲ့သို့ ငြိမ်းချမ်းရေးကင်းမဲ့နေသည့် ပတ်ဝန်းကျင်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် လူမှုစီးပွားဘဝများ စနစ်တကျ တိုးတက်လာရေးအတွက် စီမံဆောင်ရွက်ရန်မှာ လွန်စွာမှခက်ခဲလှပါသည်"**

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ရက် ၁၀၀ စီမံချက်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ကြေညာခဲ့ပြီး ဦးစားပေးဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဧပြီလ ၁၁ ရက်နေ့တွင် ယခင်ဖွဲ့စည်းထားသည့် National Solidarity and Peace-making Central Committee - NSPCC၊ National Solidarity and Peace-making Working Committee - NSPWC နှင့် National Solidarity and Peace-making Negotiation Committee-NSPNC ကော်မတီသုံးရပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ကော်မတီများဖွဲ့စည်းမှုနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေး ဆောင်ရွက်နိုင်ရန်အတွက် တရားဝင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသစ်၏လမ်းစဉ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်အဖွဲ့များသာမက လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များကိုပါ တွေ့ဆုံဆွေးနွေးရန် တံခါးအမြဲဖွင့်လှစ်ထားရှိခဲ့ပါသည်။

အဆိုပါဖိတ်ခေါ်ချက်များနှင့်အတူ NSPNC အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် စုစုပေါင်း ၅၃ ကြိမ်တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးကိုရှေးရှုသည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆွေးနွေးညှိနှိုင်းကာ ပကတိ မြေပြင်အခြေအနေလိုအပ်ချက်များနှင့် ကိုက်ညီသည့် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် ဧပြီလ ၁၇ ရက်တွင် နှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားရာ၌ **"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း တစိုက်မတ်မတ် အလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ငြိမ်းချမ်းရေးပန်းတိုင်ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပဋိပက္ခတွေကြောင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို ထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"**ဟု မြွက်ကြားခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပြောကြားချက်များကို ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအသိုက်အဝန်းတည်ဆောက်ရန် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလိုလားသူ အဖွဲ့အစည်းများအား ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ အခမ်းအနားများ၊ ငြိမ်းချမ်းရေးစကားဝိုင်းများ၊ ဖိုရမ်များ ကျင်းပပြုလုပ်၍ အကျိုးရလဒ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ပြုလုပ်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်မှုများထဲတွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ကို ၁၃-၁-၂၀၂၆ ရက်မှ ၁၅-၁-၂၀၂၆ ရက်အထိ ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့ရာ ဖိုရမ်အပြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုမှုနှင့် လုပ်ငန်းစီမံကိန်းများ ဆက်လက်ဆောင်ရွက်လိုသည့်ဆန္ဒများကို ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရပါသည်။

ဖိုရမ်မှ အကြံပြုချက် ၃၀ ရရှိခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အွန်လိုင်းပေါ်တွင် ပညာသင်ကြားနိုင်သည့် **"ဒီဂျစ်တယ်သင်ကြားရေးပလက်ဖောင်း"**တစ်ရပ် ထူထောင်သင့်သည်ဟူသည့် အကြံပြုချက်အား အကောင်အထည်ဖော်နိုင်ရန်အတွက် လူငယ်များ ဘေးကင်းလုံခြုံစွာပါဝင်နိုင်ပြီး ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများတွင် အသုံးပြုနိုင်မည့် "လူငယ်ငြိမ်းချမ်းရေးကွန်ရက် ဒီဂျစ်တယ်ပလက်ဖောင်း" (Youth Peace Network Digital Platform) တစ်ရပ်ကို ရေးဆွဲတည်ဆောက်လျက်ရှိပါသည်။

ဒီဂျစ်တယ်ပလက်ဖောင်းအား တည်ထောင်ခြင်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ထိရောက်စွာဖြေရှင်းနိုင်မည့် နည်းလမ်းများ ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်ယှက်ဖျက်ဆီးနိုင်သည့် ဒီဂျစ်တယ်အန္တရာယ်များနှင့် သတင်းတု၊

*စာမျက်နှာ ၁၃ သို့*

# ငြိမ်းချမ်းချစ်ကြည် ရှေ့ဆက်မည်

❖ မြန်မာ့မြေ မြန်မာ့အလှ၊ မြန်မာ့ဘဝ ဖွံ့ဖြိုးရန်
မြန်မာပြည်သူ တို့အများ၊ ကြိုးစားရမည် အမှန်
မြန်မာ့ကြမ္မာ မြန်မာ့ကံ၊ မြန်မာနိုင်ငံ သာယာရေး
မြန်မာပြည်သားတွေ စည်းလုံးနေ
မြန်မာ့မြေ ငြိမ်းအေးပေလိမ့်လေး။

❖ တွေးတွေးဆဆ၊ ဆွေးနွေးကြ အပြန်အလှန်
NCA မူဝါဒ၊ ချမှတ်ခဲ့သည် အမှန်
တစ်နိုင်ငံလုံး ငြိမ်းချမ်းရန်၊ ရည်သန်ကာ မြော်တွေး
လက်ကမ်းဖိတ်သည် စုံညီညီ
ပြည်သူရင်ထဲ စွဲမြဲပါဘိလေး။

❖ ဥမကွဲ သိုက်မပျက်၊ အဆက်ဆက်နှစ်ရှည်ကြာ
ပြည်ထောင်စုအတွင်း၊ မှီတင်းနေထိုင်လာ
တိုင်းရင်းသား စုံစွာ၊ ဘယ်အခါ တို့မခွဲ
NCA သည် ဖော်ဆောင်သည်
တိုင်းပြည်ငြိမ်းချမ်း စိမ်းလန်းစေဖို့လေး။

❖ တစ်မိဝမ်းတွင်း မွေးဖွားကြ၊ မောင်ရင်းနှမဆိုသည်မှာ
ငြင်းကြခုံကြ၊ ဆွေးနွေးကြသည်သာ
ဆွေးနွေးရင်း အဖြေရှာ၊ ညှိနှိုင်းကာ အနာဂတ်အရေး
ငြိမ်းချမ်းချစ်ကြည် ရှေ့ဆက်မည်
တို့ပြည် ရန်ဘယာ ဝေးစေဖို့လေး။

❖ နှင်းကလေးတွေ ကြွေကာကျ၊ ဟေမန္တဆောင်းအဝင်
ခွာညို့ သဇင်ပန်း၊ ပွင့်လန်းတော့မည်ပင်
သဘာဝပတ်ဝန်းကျင်၊ မြန်မာ့မြေပြင် သန့်စင်လျက်
ရိုးသားစင်ဖြူ ပန်းတို့မှ
အတုယူ ခရီး ဆက်ကြပါစို့လေး။

❖ ရက်နှစ် တွက်စစ်၊ ဆယ့်တစ်နှစ် တိုင်ခဲ့ပြီ
NCA ခိုင်ခိုင်မြဲ၊ မယိုင်မလဲ ရှေ့သို့ချီ
ကမ္ဘာအသိ မော်ကွန်းတည်၊ ပေါ်ထွန်းမည် ငြိမ်းချမ်းရေး
ငြိမ်းချမ်းမှလျှင်၊ လောကတစ်ခွင်
သောကကင်းစင် ချမ်းမြေ့ပေလိမ့်လေး။

မမေ့မပျောက် မကွေ့မကောက် ဆက်လျှောက်ကြစို့ ညီညီညာ
တစ်နေ့မရောက် တစ်နေ့ရောက် အသက်လောက်ချစ်သည့် ပြည်မြန်မာ။ ။

(၁၁) နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါသည်။

**အမျိုးသားစာပေ တစ်သက်တာဆုရ အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုး**

*စာမျက်နှာ ၁၂ မှ*

သတင်းမှားများကို ထိရောက်စွာ တားဆီးတိုက်ဖျက်ကာ လူမှုသဟဇာတတိုးတက်ရေးကို အထောက်အကူပေးနိုင်မည်ဖြစ်ပါသည်။

ထိုပလက်ဖောင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသရှိ လူငယ်များအကြား နိုင်ငံတော်၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုနှင့် အားကိုးမှုများကို ခိုင်မာစွာဖြစ်ထွန်းလာစေပြီး နိုင်ငံတော်၏ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် သီးခြားစီတည်ရှိနေခြင်းမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည့် ဒေါက်တိုင်များသာဖြစ်ပါသည်။ စစ်မှန်သောငြိမ်းချမ်းရေးသည် သေနတ်သံများ တိတ်ဆိတ်သွားသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအဆင့်မျှသာမဟုတ်ဘဲ လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် တန်းတူညီမျှမှုတို့ကို အခြေခံသည့် လူမှုသဟဇာတဖြစ်မှုရှိမှသာလျှင် ရေရှည်ခိုင်မာစွာ အမြစ်တွယ်နိုင်မည်ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှု လျော့နည်းသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် မတူကွဲပြားမှုများမှတစ်ဆင့် ပဋိပက္ခများ ပြန်လည်စိမ့်ဝင်လာနိုင်သကဲ့သို့ ငြိမ်းချမ်းရေးကင်းမဲ့နေသည့် ပတ်ဝန်းကျင်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် လူမှုစီးပွားဘဝများ စနစ်တကျ တိုးတက်လာရေးအတွက် စီမံဆောင်ရွက်ရန်မှာ လွန်စွာမှခက်ခဲလှပါသည်။

လူမှုသဟဇာတဖြစ်မှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ ပင်မစွမ်းအားပင်ဖြစ်ပေသည်။ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများ၊ ကိုးကွယ်ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ စုစည်းတည်ရှိနေသည့် မိမိတို့ပြည်ထောင်စုနိုင်ငံတော်အတွင်း၌ ပဋိပက္ခ၏ အဓိကဇာစ်မြစ်ဖြစ်သော သံသယများကို ကျော်လွှားနိုင်ရန်အတွက် လူမှုသဟဇာတဖြစ်မှုကို တည်ဆောက်ခြင်းမှလွဲ၍ အခြားမရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်ခွင့်လွှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘုံရည်မှန်းချက်များအပေါ် အတူတကွ ရပ်တည်ခြင်းတို့က လူမှုအဖွဲ့အစည်း၏ စည်းလုံးညီညွတ်မှုကို ခိုင်မာစေမည်ဖြစ်ပါသည်။ လူမှုသဟဇာတဖြစ်မှု အားကောင်းလာသည်နှင့်အမျှ ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအဖြစ်သို့ ကူးပြောင်းမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် လူမှုသဟဇာတဖြစ်မှုတို့၏ အသီးအပွင့်ကို တိုက်ရိုက်ခံစားရရှိစေနိုင်သည့်အရာမှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု အကောင်အထည်ပေါ်လာမှသာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများကို အဟန့်အတားမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးဆိုသည်မှာ သတ်မှတ်ပြဋ္ဌာန်းထားသည့်အရာမဟုတ်ပါ။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ရရှိပေါက်ဖွားလာသည့်အရာဖြစ်ပါသည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးက မိမိတို့၏လိုလားချက်များကို နိုင်ငံရေးနည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်တွင် အတူတကွ လက်တွဲလျှောက်လှမ်းကြရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်မဖြစ်မနေ လိုအပ်ပါသည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးနိုင်ရန် ကိုယ်စီတာဝန်ရှိကြပေသည်။

NCA လက်မှတ်ရေးထိုးပြီးနောက်တွင် NCA နှစ်ပတ်လည်နေ့များအား ဂုဏ်ယူစွာဖြင့် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် NCA (၁၁) နှစ်မြောက်တိုင်ပြီဖြစ်ပါသည်။ သို့ဖြစ်လေရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ **"ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (From Peace, Social Cohesion to Development)"** ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပါဝင်တက်ရောက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှု ပတ်ဝန်းကျင်ပိုမိုကျယ်ပြန့်လာစေရေးအတွက် နည်းလမ်းများအား ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ကြမည်ဖြစ်ပါသည်။

ထို့ပြင် ပဋိပက္ခဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုသဟဇာတဖြစ်စေရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းစီးပွားရေး၊ အသက်မွေးဝမ်းကျောင်းနှင့် လူသားချင်းစာနာမှုအကူအညီများ ထိရောက်စွာ ပံ့ပိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးနိုင်မည့်အခင်းအကျင်းများကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**"NCA အတွေ့အကြုံများကို အခြေခံ၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် လူမှုသဟဇာတဖြစ်ထွန်းရေးမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း"** Theme ဖြင့် **"NCA မှ အတွေ့အကြုံ၊ အောင်မြင်မှုနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းများဖော်ထုတ်ရန်၊ သက်ဆိုင်သူများအကြား နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုများ ပြန်လည်တည်ဆောက်ရန်၊ ပဋိပက္ခဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုသဟဇာတဖြစ်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့များအကြား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန်၊ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများကို ထိရောက်စွာ ချိတ်ဆက်ပံ့ပိုး ဆောင်ရွက်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်အောင်မြင်စေရန်"** စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အောက်တိုဘာလ ၁၅ ရက် မွန်းလွဲပိုင်းမှ ၁၆ ရက်နေ့အထိ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို များစွာအထောက်အပံ့ပြုနိုင်မည့် ထိရောက်သည့်ငြိမ်းချမ်းရေးဆွေးနွေးမှုများမှတစ်ဆင့်သာ ဒေသတွင်းတည်ငြိမ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အနေဖြင့် အနာဂတ်နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေး၏တန်ဖိုးကိုအလေးထားကာ အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း NCA (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

# ဂျပန်ကုမ္ပဏီများ၊ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် Anthropic ကြိုးပမ်း



**တိုကျို အောက်တိုဘာ ၁၄**
အမေရိကန်အခြေစိုက် ဉာဏ်ရည်တု နည်းပညာကုမ္ပဏီ Anthropic သည် ဂျပန်နိုင်ငံတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့် ကုမ္ပဏီ၏ ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်သူ ဂျက်ခ်ကလာ့ခ်က ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။ တိုကျိုမြို့ရှိ ရုံးခွဲသည် Anthropic ၏ အာရှ - ပစိဖိတ်ဒေသအတွင်း ပထမဆုံးရုံးခွဲလည်းဖြစ်သည်။

ကလာ့ခ်သည် အောက်တိုဘာ ၁၄ ရက်က တိုကျိုမြို့ရှိ သတင်းစာရှင်းလင်းပွဲတစ်ခုသို့ Anthropic ၏ ဂျပန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် တိုဂျိုဟိဒဲတိုရှီနှင့်အတူ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အနာဂတ်အစီအစဉ်များကို ရှင်းလင်းပြောကြားရာ တိုဂျိုက ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက Anthropic ၏ မျိုးဆက်သစ် ဉာဏ်ရည်တုနည်းပညာသုံး ကိရိယာဖြစ်သည့် Claude ကို အသုံးပြုနေသော ဂျပန်စီးပွားရေးလုပ်ငန်း အရေအတွက်သည် ၁၀ ဆခန့်အထိ မြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် မျိုးဆက်သစ် ဉာဏ်ရည်တုနည်းပညာသည် လူ့အဖွဲ့အစည်းအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို လေ့လာဆန်းစစ်နိုင်ရန် ဂျပန်နိုင်ငံရှိ သုတေသနအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ကလာ့ခ်က ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းမှ အကျိုးကျေးဇူးများ ရရှိနိုင်မည့် အလားအလာအရ ဂျပန်နိုင်ငံသည် အထူးကောင်းမွန်သည့် အနေအထားတွင်ရှိနေကြောင်း ပြောကြားခဲ့သည်။ အကြောင်းမှာ ဂျပန်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်၊ သိပ္ပံဆိုင်ရာ စက်ကိရိယာများနှင့် စက်ရုပ်နည်းပညာကဏ္ဍတို့တွင် ကျွမ်းကျင်မှုနှင့် အားသာချက်များ ပိုင်ဆိုင်ထားသောကြောင့်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ပတ်သက်၍လည်း ဟက်ကာများက Anthropic ၏ ဉာဏ်ရည်တုကိရိယာများကို အသုံးပြု၍ ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းမှ တားဆီးနိုင်ရန် ကုမ္ပဏီအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်စူပါမားကတ်များ၏ လုပ်ငန်းလည်ပတ်မှုကို ဟက်ကာများ ဝင်ရောက်နှောင့်ယှက်

**ပါရီ အောက်တိုဘာ ၁၄**
ပြင်သစ်နိုင်ငံရှိ စူပါမားကတ် ရာနှင့်ချီတွင် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ရေခဲသေတ္တာများနှင့် အအေးခန်းများ၏ အပူချိန်များ မြင့်တက်လာပြီး အတွင်း၌ သိုလှောင်ထားသည့် အစားအသောက်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက်မှစတင်၍ ပြင်သစ်နိုင်ငံရှိ စူပါမားကတ်များကို ဟက်ကာများက ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး စတိုးဆိုင်ရာနှင့်ချီရှိ ရေခဲသေတ္တာကြီးများနှင့် အအေးခန်းများ၏ အပူချိန်ကို အဝေးမှ ထိန်းချုပ်သည့်စနစ်များ ထိခိုက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အချို့စတိုးဆိုင်များတွင် ရေခဲသေတ္တာများ၏ အလိုအလျောက်ရေခဲပျော်စေသည့်စနစ်ကို ဟက်ကာများက အဝေးမှ ထိန်းချုပ်နှောင့်ယှက်ခဲ့သဖြင့် အပူချိန်သည် ၅၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အလွယ်တကူ ပုပ်သိုးပျက်စီးနိုင်သည့် အစားအသောက်များကို ဆိုင်များက စွန့်ပစ်ခဲ့ရသည်။




အဆိုပါစနစ်များကို စီမံခန့်ခွဲသည့် ကုမ္ပဏီများ၏ ထုတ်ကုန်များတွင် ဆော့ဖ်ဝဲဗားရှင်းဟောင်းများ အသုံးပြုထားခြင်းနှင့် လုံခြုံရေးအားနည်းချက်များရှိခြင်းတို့ကြောင့် ဟက်ကာများက အခွင့်ကောင်းယူတိုက်ခိုက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆထားသည်။

ပြင်သစ်အာဏာပိုင်များကလည်း စတိုးဆိုင်များအနေဖြင့် ဆော့ဖ်ဝဲများကို နောက်ဆုံးဗားရှင်းအထိ အဆင့်မြှင့်တင်ထားရန်နှင့် အဝေးမှထိန်းချုပ်သည့်စနစ်များ၏ ဆိုက်ဘာလုံခြုံရေးကို အထူးဂရုပြုရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယား၌ ဓာတုစက်ရုံမီးလောင်မှုကြောင့် လူ ၇၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ဆိုးလ် အောက်တိုဘာ ၁၄**
တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ အူလ်ဆန်မြို့မှ ဓာတုပစ္စည်းထုတ်လုပ်ရေးစက်ရုံတစ်ရုံတွင် အောက်တိုဘာ ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးအနားရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမား ၇၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါမီးလောင်မှုသည် ဆိုးလ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၁၀ ခန့်အကွာ အူလ်ဆန်မြို့ရှိ ဓာတုပစ္စည်း ထုတ်လုပ်ရေးစက်ရုံတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၁ မိနစ်ခန့်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် စက်ရုံအတွင်းရှိ အလုပ်သမား ၁၂ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

မီးလောင်မှုသည် မီးလောင်လွယ်သည့် တိုလူအင်း(Toluene) ဓာတုပစ္စည်း ၈၀၀၀ လီတာ သိုလှောင်ထားသည့် ပြင်ပသိုလှောင်ကန်အနီးတွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် မီးပွားများလွင့်စင်ခြင်းမှ အနီးရှိစက်ရုံ မြက်ခင်းကိုကျရောက်ကာ ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

ထို့ကြောင့် အနီးအနားရှိ ရေနံဓာတုစက်ရုံစီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ အလုပ်သမား ၇၀၀၀ ခန့်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားတောမီးအတွင်းမှ အော်ရန်အူတန်မျောက်များကို ကယ်တင်၍ ဘေးကင်းရာသို့ ပြန်လွှတ်ပေး

**ဂျကာတာ အောက်တိုဘာ ၁၄**
အင်ဒိုနီးရှားနိုင်ငံတွင် တောမီးနှင့် သစ်ခွေးမြေမီးများ ပိုမိုပြင်းထန်လာခြင်းကြောင့် လူသားများသာမက မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် အော်ရန်အူတန်မျောက်များကဲ့သို့သော တောရိုင်းတိရစ္ဆာန်များလည်း ထိခိုက်ခံစားနေရသဖြင့် ယင်းတို့ကို ကယ်ဆယ်ထိန်းသိမ်းရန် အာဏာပိုင်များနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်း အနောက်ကာလီမန်တန်ဒေသရှိ တောမီးလောင်ကျွမ်းမှု ဒဏ်ခံခဲ့ရသော နေရာများမှ အော်ရန်အူတန်ရှစ်ကောင်ကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးစစ်ကုသမှုများလည်း ပြုလုပ်ပေးခဲ့ရာ အသက်အန္တရာယ်စိုးရိမ်ရလောက်သည့် ဒဏ်ရာများ မတွေ့ရှိရသော်လည်း အချို့တွင် အာဟာရချို့တဲ့ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်း လက္ခဏာများ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့ကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကာ လိုအပ်သည့်ကုသမှုများ ပေးအပ်ခဲ့ပြီး အနောက်ကာလီမန်တန်ပြည်နယ်ရှိ ဘာတူညမ်ဘူ ကာကွယ်ထိန်းသိမ်းထားသော သစ်တောအတွင်း ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မာဒါဂတ်စကာ၌ ပလိပ်ရောဂါ အတည်ပြုလူနာ လေးဦးနှင့် သံသယလူနာ ငါးဦး တွေ့ရှိ

**အန်တာနာနာရီဗို အောက်တိုဘာ ၁၄**
မာဒါဂတ်စကာနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း ပလိပ်ရောဂါ အတည်ပြုလူနာ လေးဦးနှင့် သံသယလူနာ ငါးဦး တွေ့ရှိထားကြောင်း အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရားဝင်ထုတ်ပြန်ချက်အရ အတည်ပြုလူနာ လေးဦးကို မြို့တော်အန်တာနာနာရီဗို၏ မြောက်ဘက်ရှိအန်ကာ ဗိုဘေ၊ အန်ဂျိုဇိုရိုဘေနှင့် အမ်ဘိုဟီမာနာဆိုရာဒေသတို့တွင် တွေ့ရှိခဲ့သည်။ သံသယလူနာ ငါးဦးကို နိုင်ငံအရှေ့တောင်ပိုင်းရှိ မီဒွန်ဂျီအဆီမိုအဆီမိုခရိုင်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူနာများနှင့် ထိတွေ့ဆက်ဆံခဲ့သူ ၂၀၀ ခန့်ကို ကျန်းမာရေးဝန်ထမ်းများက အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ကြိုတင်ကာကွယ်သည့် ကုသမှုများကိုလည်း ပေးအပ်ထားကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကျန်းမာရေးအာဏာပိုင်များသည် သံသယလူနာအသစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ လူနာများနှင့် ထိတွေ့ခဲ့သူများကို ခြေရာခံစစ်ဆေးခြင်းတို့အပါအဝင် ရောဂါကူးစက်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရောဂါဖြစ်ပွားသည့် ဒေသများနှင့် အနီးဝန်းကျင်တွင် ရောဂါပိုးများနှိမ်နင်းရန် ပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။ပြည်သူများအနေဖြင့် သတိဝီရိယရှိကြရန်နှင့် ပလိပ်ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များကို လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာ၏ ယခုနှစ်အကောက်ခွန်ဝင်ငွေ သတ်မှတ်ချက်ပြည့်မီကျော်လွန်

**ကိုလံဘို အောက်တိုဘာ ၁၄**
သီရိလင်္ကာနိုင်ငံ အကောက်ခွန်ဌာနသည် ၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ထားသည့် တစ်နှစ်တာ အခွန်ဝင်ငွေ သတ်မှတ်ချက်ကို နှစ်ကုန်ရန် နှစ်လကျော် ကျန်ရှိနေသေးချိန်တွင်ပင် ကျော်လွန်ရရှိခဲ့ကြောင်း အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အောက်တိုဘာ ၁၃ ရက်အထိ ကောက်ခံရရှိထားသည့် အခွန်ဝင်ငွေမှာ သီရိလင်္ကာရူပီး ၂ ဒသမ ၂၀၈ ထရီလီယံခန့်(အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၉ ဘီလီယံခန့်) ရှိပြီး ယင်းပမာဏသည် တစ်နှစ်တာအတွက် သတ်မှတ်ထားသည့် ရူပီး ၂ ဒသမ ၂၀၇ ထရီလီယံခန့်ရှိသော သတ်မှတ်ချက်ထက် ကျော်လွန်နေခြင်းဖြစ်သည်။

နောက်ဆုံး ရရှိထားသော အချက်အလက်များအရ အကောက်ခွန်ဌာနသည် နှစ်ကုန်ရန် ရက်သတ္တပတ် ၁၁ ပတ်ခန့် ကျန်ရှိနေသေးချိန်တွင် သတ်မှတ်ရည်မှန်းချက်ထက် ရူပီး ၁ ဘီလီယံကျော် ပိုမိုကောက်ခံရရှိခဲ့ပြီး အခွန်ဝင်ငွေ သတ်မှတ်ချက်ကို ကြိုတင်ကျော်လွန်ရရှိခြင်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

■

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ပါရီကားပြပွဲတွင် ဈေးနှုန်းသက်သာသော လျှပ်စစ်ကားများ လူကြိုက်များ

လောင်စာဆီဈေးနှုန်းများ မြင့်တက်နေချိန်တွင် လျှပ်စစ်ကားများအပေါ် ဝယ်လိုအား မြင့်တက်လာပြီး တရုတ်ကား ထုတ်လုပ်သူများကလည်း ဥရောပဈေးကွက်အတွင်း ၎င်းတို့၏ လုပ်ငန်းများ တိုးချဲ့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အောက်တိုဘာ ၁၂ ရက်က ပါရီမြို့တွင် ကျင်းပသည့် မော်တော်ကားပြပွဲ၌ အနောက်နိုင်ငံများနှင့် တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူများ၏ ကားအမှတ်တံဆိပ်များကို ပြသခဲ့ကြသည်။ ပြပွဲတွင် ကားအမှတ်တံဆိပ် ၆၀ ကျော် ပါဝင်ပြသခဲ့ပြီး အရွယ်အစားသေးငယ်ကာ ဈေးနှုန်းသက်သာသည့် လျှပ်စစ်ကားများမှာ အထူးစိတ်ဝင်စားမှု ရရှိခဲ့သည်။ လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းသည် လျှပ်စစ်ကားဝယ်လိုအားတိုးလာစေသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အင်ဒိုနီးရှား၌ ခရီးသည်တင်ရေယာဉ် နစ်မြုပ်၊ ၂၉ ဦး ကယ်ဆယ်နိုင်

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်ရှိ ကိုမိုဒိုအမျိုးသားဥယျာဉ်အတွင်း အောက်တိုဘာ ၁၃ ရက်က ခရီးသည်တင်ရေယာဉ် နစ်မြုပ်ခဲ့ရာ လူ ၂၉ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း အင်ဒိုနီးရှားအမျိုးသမီးတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အာဏာပိုင်များက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။ ခရီးသည် ၂၅ ဦးနှင့် အမှုထမ်း ငါးဦး စုစုပေါင်း လူ ၃၀ လိုက်ပါလာသည့် KM Feronia အမည်ရှိ အဆိုပါရေယာဉ်သည် တာတာဝါကျွန်းအနီး ရေပြင်တွင် ပြင်းထန်သည့် ရေစီးကြောင်းနှင့် ကြုံတွေ့ခဲ့ပြီးနောက် အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း လာဘူအန်ဘာဂျို ဆိပ်ကမ်းအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

❂ *ကျောဖုံးမှ*

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား၊ (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(A)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးသည်။



ဦးစွာ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံး နည်းပြဆုနှင့် အကောင်းဆုံး ဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက်အကောင်းဆုံး ကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက် ဖလားရရှိသည့်အသင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက် ဆုဖလားများကို အသီးသီး ပေးအပ်ကြသည်။

ထို့နောက် တိုက်ကွမ်ဒို အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ၉ ခုနှင့် ကြေးတံဆိပ် ၄ ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီး နေရာအလိုက် အကောင်းဆုံးဆု၊ အကောင်းဆုံး ဘော်လီဘော အားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့် အသင်းများအား တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမျိုးသား ဘော်လီဘော ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းတို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသား/ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းများအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့သိုင်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ၈ ခုနှင့် ကြေးတံဆိပ် ၇ ခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တာဝန်ရှိသူတစ်ဦးက စွယ်စုံ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် ရိုးရာခြင်းလုံး အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အခြေခံအထိ (၆) ချက်ပြိုင်ပွဲ၊ (၄)ပေါက်တန်း ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့အား ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု၊ အသင်းလိုက်ဆုနှင့် တက်သစ်စ အကောင်းဆုံး အားကစားသမား ဆု၊အကောင်းဆုံးအားကစားသမား ဆု၊ အတိုးတက်ဆုံး အသင်းဆု၊ ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုဆုများအား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယကနှင့် တာဝန်ရှိသူများကလည်းကောင်း၊ အခြေခံအထိ(၆) ချက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းနှင့် (၄)ပေါက်တန်းအဆင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် လူသစ်တန်းနှင့် အလွတ်တန်း အဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ (က)အဆင့် ကစားသမားများ၊ (က)အဆင့်နှင့် အလွတ်တန်းအဆင့် အကောင်းဆုံး လက်ဝှေ့ကစားသမားဆုရရှိသူများ၊ လူသစ်တန်း ဒိုင်းဆု၊ (က)အဆင့် ဒိုင်းဆုနှင့် အလွတ်တန်းအဆင့် ဒိုင်းဆုရရှိသော အသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက် ဆုဖလားများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် လက်ဝှေ့ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၆ ခု၊ ငွေတံဆိပ် ၄ ခုနှင့် ကြေးတံဆိပ် ၆ ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှတာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ဟံသာဝတီ ယူနိုက်တက်အသင်းအတွက် ပွဲချိန် ၆၅ မိနစ်တွင် ဇင်မင်းဟန်က ချေပဂိုး သွင်းယူပေးခဲ့သော်လည်း ပွဲပြီးဆုံးချိန်အထိ ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ဘဲ ISPE FC အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ အဆိုပါပွဲစဉ်၏ AYA Pay Man Of The Match ဆုကို ISPE အသင်းမှ စစ်ငြိမ်းချမ်းဦးက ရရှိခဲ့သည်။

တောင်ဒဂုံကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်စီးတီးနှင့် ရတနာပုံ အသင်းပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက ပွဲချိန်အများစု၌ ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပိုင်း ပွဲချိန် ၁၀ မိနစ်မှာပင် ရတနာပုံ အသင်း ခံစစ်အမှားကနေ ထက်အာကာဝင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရတနာပုံ အသင်း ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ရန်ကုန်စီးတီး နောက်တန်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပွဲပြီးချိန်တွင် ရန်ကုန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Man Of The Match ဆုကို ခြေစွမ်းပြကစားနိုင်ခဲ့သည့် ရန်ကုန်စီးတီးအသင်းမှ ဝေလျံထက်က ရရှိခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မြဝတီနှင့် စစ်ကိုင်းယူနိုက်တက်ပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး မြဝတီအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို စင်ဟွားအောင်က ပွဲချိန် ၁၅ မိနစ်နှင့် ၇၅ မိနစ်တွင် နှစ်ဂိုး၊ မျိုးမင်းခန့်က ပွဲချိန် ၃၆ မိနစ်တွင် တစ်ဂိုးနှင့် မျိုးမင်းအောင်က ပွဲချိန် ၆၅ မိနစ်တွင် တစ်ဂိုး သွင်းယူပေးခဲ့သည်။ စစ်ကိုင်းယူနိုက်တက် အသင်းအတွက် ချေပဂိုးများကို အောင်မင်းခန့်က ပွဲချိန် ၁၀ မိနစ်နှင့် ၃၇ မိနစ်တွင် နှစ်ဂိုးနှင့် ပိုင်သက်ဦးက ပွဲချိန် မိနစ် ၅၀ တွင် တစ်ဂိုးသွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Man Of The Match ဆုကို မြဝတီအသင်း တိုက်စစ်မှူး စင်ဟွားအောင်က ရရှိခဲ့သည်။

အပတ်စဉ်(၁၉) ပွဲစဉ်များ အပြီးတွင် ISPE အသင်းက ရမှတ် ၄၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်က ၄၃ မှတ်ဖြင့် ဒုတိယ၊ ဒဂုံစတား ယူနိုက်တက်က ၃၉ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ ၎င်းတို့နောက်တွင် ရှမ်းယူနိုက်တက်က ၃၄ မှတ်၊ ရတနာပုံက ၃၂ မှတ်၊ ရန်ကုန်စီးတီးက ၃၁ မှတ်၊ FALCON အသင်း၊ သစ္စာအားမာန်နှင့် GALAXY အသင်းတို့က ၂၈ မှတ်စီ၊ ရွှေဝတီယူနိုက်တက်က ၂၀ မှတ်၊ ဟံသာဝတီယူနိုက်တက်က ၁၇ မှတ်၊ စစ်ကိုင်းယူနိုက်တက်က ၁၅ မှတ်၊ မြဝတီက ၁၀ မှတ်နှင့် ချင်းလန်းအသင်းက လေးမှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

**နေမျိုး**

**ဓာတ်ပုံ-ML**

---

✿ *ကျောဖုံးမှ*

Asia Lion FC အသင်းနှင့် Yarmanya United FC အသင်း၊ တက္ကသိုလ်ကွင်း၌ University FC အသင်းနှင့် Elite Kings FC အသင်း၊ ပဒုမ္မာကွင်း၌ Manaw FC အသင်း နှင့် VUE Nay Pyi Taw FC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၆ ရက်တွင် Enjoy Brother FC နှင့် Royal Dagon FC တို့ တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး တတိယနေ့ပွဲစဉ်ကို အောက်တိုဘာ ၁၇ ရက်တွင် Rakhine United FC နှင့် Junior Lions FC တို့ တက္ကသိုလ်ကွင်း၌ပင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုနှစ် M League II ပြိုင်ပွဲတွင် ပြိုင်ပွဲအဆင့်အတန်းနှင့် ယှဉ်ပြိုင်မှုများ ပိုမိုကောင်းမွန်လာစေရန် ဆုကြေးများ တိုးမြှင့်သတ်မှတ်ထားသည့်အပြင် အိမ်ကွင်း၊ အဝေးကွင်းပွဲစဉ်အချို့ ပါဝင်သည့်အတွက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာမည်ဖြစ်သည်။

**နေမျိုး**

---

❑ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲကြီးတွင် အာရှဒေသတွင်း ၄၅ နိုင်ငံမှ အားကစားသမား ၃၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၄၉၀ ကျော် ပါဝင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်ချုပ်ကျော်ကျော်ဦး ဦးဆောင်၍ အောက်တိုဘာ ၁၃ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-MPSF**

---

❊ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းသည် အာရှကလပ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် လာအိုကလပ် အီဇရာ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုအုပ်စုအဆင့်သို့ တက်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲအတွက် အာဂျင်တီးနားနိုင်ငံသား နည်းပြမာဆယ်လိုက နိုင်ငံခြားသား ကစားသမားများ အပါအဝင် ကစားသမား ၂၄ ဦးကို ခေါ်ဆောင်သွားခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်မည်**

AFC Challenge League 2026-27 အုပ်စု (D) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ ဆမာရင်ဒါမြို့ရှိ ဆီဂရီကွင်း၌ အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စု(D)တွင် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်နှင့်အတူ အိမ်ရှင်အင်ဒိုနီးရှားကလပ် ဘော်နီယိုဆမာရင်ဒါ၊ ဖိလစ်ပိုင်ကလပ် ဝမ်းတက်ဂူးနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်တွင် အိမ်ရှင် ဘော်နီယိုဆမာရင်ဒါ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်တွင် ဖိလစ်ပိုင်ကလပ် ဝမ်းတက်ဂူး၊ အောက်တိုဘာ ၂၄ ရက်တွင် တရုတ် (တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**နေမျိုး**

**ဓာတ်ပုံ-YUFC**

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၄ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ် အဆောက်အအုံ တစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံး အနက် ၃ လုံးအား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ အလုံး ၆၀ ကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေးအထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၅ ထပ် အဆောက်အအုံများအား ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးစဉ်။

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၄ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၈ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၆ ဒသမ ၁ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။

(၁၀၀)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းပြိုကျ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့သည့် ထားဝယ် – လောင်းလုံး – ကျောက်နီမော် – ရှင်မော် လမ်းမကြီးပေါ်ရှိ နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ၊ ရပ်ကွက်များ၌ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးများသည် လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညှင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဥ္စသီမော် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၄**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ကျောင်းကုန်း)နှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း(ဖြုတ်ခွဲ)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

---

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၉-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၁-၉-၂၀၂၆ ရက်နေ့မှ ၂၅-၉-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ အထွေထွေကိုးဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း သုံးဦး စုစုပေါင်း ၁၅ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၇၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၆၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၉၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

## မြန်မာ့အလင်းသတင်းထောက်များ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့၏ နဝမအကြိမ်မြောက် အဖွဲ့ဝင် အသက်(၇၅)နှစ်အထက် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၇ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ရပ်နီးရပ်ဝေးမှ ကန်တော့ခံများ၊ အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်)ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ ၂၅၀၂၆၆၆၀၉၊ ၀၉ ၇၇၇၆၄၂၆၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

---

## လက်ပံတန်းမြို့နယ်၌ အပူချိန်မြင့်မားမှု နောက်ဆက်တွဲအန္တရာယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ပြင်ဆင်

**လက်ပံတန်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကုသရေးဦးစီးဌာနက စူပါ



အယ်လ်နီညိုကြောင့် နောက်ဆက်တွဲအန္တရာယ်များဖြစ်ပွားပါက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေး အပူဒဏ်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ခမုံတိုက်နယ်ဆေးရုံ၊ ဇီးဖြူကုန်းတိုက်နယ်ဆေးရုံ၊ သာရဝေါတိုက်နယ်ဆေးရုံတို့တွင် လူနာများလက်ခံကုသပေးမည့်နေရာကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## တမူးမြို့၌ အခြေခံလက်သမားသင်တန်းဖွင့်လှစ်သင်ကြား

**တမူး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်သမားသင်တန်း ဖွင့်လှစ်သင်ကြားနေမှုများကို ယမန်နေ့က တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များက စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိသော စားပွဲ၊ ကုလားထိုင်၊ တန်းလျား၊ အမိုးမိုးခြင်း လက်တွေ့ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တမူးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ သင်တန်းသား ၂၀ အား အောက်တိုဘာ ၆ ရက်မှစ၍ ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့/လက်တွေ့သင်ကြား ပို့ချပေးမည်ဖြစ်



ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရတနာ(တမူး)**

---



## တံတားဦးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**တံတားဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါဆင့်ပွားသင်တန်းကို နှစ်ရက်ကြာဖွင့်လှစ်ကာ သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

---

▲ *ကျောဖုံးမှ*

ပထမပိုင်းတွင် လိုင်လီအသင်း၏ တံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် အာဆင်နယ်အသင်း သွင်းဂိုးရရေး အခက်တွေ့ခဲ့သည်။ ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းသည် ပွဲကို ထိန်းချုပ်လာနိုင်ခဲ့ပြီး ပွဲချိန် ၆၄ မိနစ်မှ ၇၁ မိနစ်အထိ ခုနစ်မိနစ်အတွင်း သုံးဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ အာဆင်နယ် လူစားဝင်ကစားသမား ဘူကာယို ဆာကာ ခြေစွမ်းပြသကာ တစ်ဂိုးသွင်းပြီး တစ်ဂိုးဖန်တီးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့်တွင် ရှစ်ပွဲကစားပြီး ရှစ်ပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့်တွင်လည်း နှစ်ပွဲကစားပြီး နှစ်ပွဲနိုင်ရလဒ်ရရှိထားပြီဖြစ်သည်။ ပြိုင်ဘက် လိုင်လီအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးနိမ့်ကာ ရမှတ်စုဆောင်းထားနိုင်ခြင်း မရှိသေးပေ။

အခြားပွဲစဉ်ရလဒ်များတွင် စပို့တင်းက လန်းစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆာဘာက ဆလာဗီယာကို နှစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က မန်ယူကို နှစ်ဂိုး-ဂိုးမရှိ၊ ဘာစီလိုနာက ဂါလာတာစရေးကို လေးဂိုး-တစ်ဂိုး၊ ကလပ်ဘရုဂ်ဂေးက အင်တာမီလန်ကို လေးဂိုး-သုံးဂိုး၊ လိုက်ပ်ဇစ်က ပီအက်စ်ဗွီကို တစ်ဂိုး-ဂိုးမရှိ၊ ဗီလာရီးရဲက နာပိုလီကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဗိုက်ကင်းနှင့် အသင်းကြီး ဘိုင်ယန်မြူးနစ်တို့ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## "သီတင်းကျွတ် ညလေးတစ်ည" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့ ညပိုင်းတွင် "သီတင်းကျွတ် ညလေးတစ်ည" တေးဂီတ ဖျော်ဖြေပွဲကို တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့် ပြသမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ပိုးမီ၊ ဝေလာရီတို့နှင့်အတူ လွန်းရွှေရည်သာ၊ နက်ရှိုင်းကို၊ ပိုင်သစ်၊ ဈာန်ထူး၊ ချမ်းဟိန်းဝင်းထွန်းနှင့် စောဒယ်နီရယ်တို့က မိုးလေကင်းလွတ်လာမှုနှင့်အတူ သာယာလှပသည့် သီတင်းကျွတ်ကာလမှာ ချစ်သူနှင့်ရွှေလက်တွဲပြီး ပျော်ပျော်ရွှင်ရွှင် လျှောက်လှမ်းကြရန် ရေးဖွဲ့သီကုံးပန်ဆင်ထားသည့် ချစ်ခြင်းမေတ္တာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

"သီတင်းကျွတ် ညလေးတစ်ည" တေးဂီတ ဖျော်ဖြေပွဲကို အောက်တိုဘာ ၁၆ ရက်၊ သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channel နှင့် MRTV Enter–tainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Tele–gram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် အောက်တိုဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV–HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပေါင်းတည်၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ကျန်းမာရေးမှူး(၄)သင်တန်းဖွင့်ပွဲ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလတ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ စည်းကမ်းချက်များနှင့် သင်ကြားပို့ချမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ခြောက်လ ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ရွှေသား(IPRD)



## မိုင်းယောင်း၌ ရေဆင်းပေါ်ဆန်း-၁ စံကွက်ရိတ်သိမ်းခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲ ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက ရေဆင်းပေါ်ဆန်း–၁ စံကွက်ရိတ်သိမ်းခြင်း



ကွင်းလက်တွေ့သရုပ်ပြပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက စားရေရိက္ခာဖူလုံရေး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် မိုင်းယောင်းခရိုင်အတွင်း ရေဆင်းပေါ်ဆန်း–၁ နှင့် ရေဆင်းပေါ်ဆန်း–၂ စိုက်ပျိုးထားရှိမှုနှင့် ကွင်းလက်တွေ့သရုပ်ပြပွဲ ခေါ်ယူပြသရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းအမှတ်–၈၈/၃ တောင်သူဦးနန့်အောင်၏ ရေဆင်းပေါ်ဆန်း–၁ တစ်ဧက စိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုထွက် ၁၂၁ တင်း၊ အခြောက်ထွက် ၁၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ် တောင်သလဲကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ဘိုကလေး အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် သစ်ဖြူချောင်းကျေးရွာအုပ်စု တောင်သလဲကျေးရွာ၌ လမ်းအရှည်ပေ ၉၅၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ တောင်သလဲကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာန၏နည်းပညာပံ့ပိုးကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများက စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနေ ပြည်သူများအား များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မိုးစက်
(ဘိုကလေး)

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ



## အမည်ပြောင်း

ပဲခူးမြို့နယ်၊ ကင်းချောင်းကျေးရွာ အ-မ-က(မူလွန်)ကျောင်း Grade-8မှ (အဘ) ဦးမြင့်မိုးနိုင် ၇/ပခန(နိုင်)၃၁၉၈၀၉ ၏သမီး မဆုလေးနွယ်အား မဆုသက်လျှာဟု ပြောင်းလဲခေါ်ပါရန်။

**မဆုသက်လျှာ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/9787 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63008, Wangiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၅/စကန(နိုင်)၂၃၅၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/40542, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပေါ် (၁/မကန(နိုင်)၁၉၇၈၆၅)က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1458, Shan Pyi Thar LT ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရပိုင် (၁၃/လရန(နိုင်)၂၅၀၅၂၈) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/43860, HONDA WAVE -110 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၄၇)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ(၀ဒသမ၁၈၃)ဧကရှိ မြေနေရာအား ဒေါ်ခင်စန်းဝေ (၅/ကလဝ(နိုင်)၀၀၆၃၅၇) အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် (၀၆၉/မဆ/၂၀၁၉)ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားပြီး ဒေါ်ခင်စန်းဝေမှ (၉-၁၂-၂၀၂၅) ရက်တွင် မန္တလေးစာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဦးငြိမ်းချမ်းအောင်(၁၃/မဆတ(နိုင်)၀၅၈၃၆၄)အား အထူးကိုယ်စားလှယ်ပေးအပ်ထားရှိကာ ဦးငြိမ်းချမ်းအောင်ထံမှ (၂၆-၁-၂၀၂၆) ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဒေါ်သီရိရွှေရည်ဦး (၉/မထလ(နိုင်)၃၆၁၇၃၇)က အိမ်ဝိုင်းမြေလွှဲပြောင်းရောင်းချခြင်းစာချုပ် ချုပ်ဆိုထားရှိပြီး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၄၇)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ(၀ဒသမ၁၈၃)ဧကရှိ မြေနေရာကို ဒေါ်သီရိရွှေရည်ဦး(၉/မထလ(နိုင်)၃၆၁၇၃၇)က အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၂၉၅၀၆၉၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်သိန်း (၁၄/ဒဒရ (နိုင်)၀၅၄၈၈၃) ပိုင်ဆိုင်သော ရေယာဉ်အမှတ် ရညန/ရက၉၈၄ ၏ ခရီးသည် ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင်အမှတ် (ရကခ-၃ ၀၉၂၀) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၁၁၉၂၈၀**

## CNG / ဓာတ်အုပ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနေလင်းကျော် ပိုင် ဆိုင်သည် (FF-7329)၏ (CNG)ဂတ်စာအုပ်မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊

ဖုန်း- ၀၉ ၇၅၀၇၆၁၄၂၃

## ကန့်ကွက်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ မင်းအောင်ကားဂိတ်၊ အခန်းအမှတ်(၁၇/၁၈)နေ ဦးရဲမင်းထွန်း(၁၃/တကန(နိုင်)၁၉၄၀၃၁) မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ လင်မယား(၂)ဦးပိုင်ဆိုင်သော (2C/2640) မော်တော်ယာဉ်နှင့် ရေတွက်ဦးလမ်းသွယ်၊ ရေအေးကွင်းရပ်ကွက်ရှိ အရှေ့ဘက်လမ်း၊ တောင်ဘက်ဒေါ်ညိုနေအိမ်၊ မြောက်ဘက်လမ်း၊ အနောက်ဘက် မြေကွက်အလားလေးရပ်၏အလယ်တွင် တည်ရှိသော နေအိမ်ခြံဝိုင်း၊ အခြားမဖော်ပြနိုင်သေးသော အိမ်ခြံမြေများအပါအဝင်အားလုံးတို့အား ခင်ပွန်းဖြစ်သူ၏ သိရှိသဘောတူညီချက်၊ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းတို့အား လုံးဝ လုံးဝ လက်မခံကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်းထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေလွင်(LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၇၀)**
**အမှတ်(၃/၃၈၆)၊ မင်္ဂလာအောင်မြေ(၃)ရပ်ကွက်၊ မနော်ဟရီလမ်း၊**
**ရွှေညောင်မြို့၊ ဖုန်း-၀၉-၇၅၄၆၁၇၁၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ္ပန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈၇၊ ဆားပေါက်ကုံး)၊ ဦးပိုင်အမှတ် (၂၂-ဃ)၊ ဧရိယာ(၀.၄၇)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် 77 VRP 2025-2026 အရ ဦးတင်ရွှေ အမည်ဖြင့် (၃-၁၁-၁၉၉၆)မှ (၂-၁၁-၂၀၂၆) ထိ နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေသည် (၂-၁၁-၂၀၂၆) ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သဖြင့် ဦးတင်ရွှေမှမြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၅-၁၀-၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄/အီး၊ မြေကွက်အမှတ်- ၁ ဘီ/၃.၁၊ ၁ ဘီ/ ၄.၁၊ ၁ ဘီ/ ၃.၆၊ မင်းရဲကျော်စွာလမ်းရှိ Hilltop Vista Condominium ရှိ Tower A, Level(3), Unit Type- E၊ အခန်းနံပါတ်- 307၊ Area (1997)Sqft ရှိ ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်အပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ဝင်း (၇/ပခန(နိုင်)၁၇၉၁၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစံလင်းထူး (၁၂/ဒဂန(နိုင်)၀၃၆၀၄၃) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**Ph: 09 -771447916, 09-266022257**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာရပ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၆)၊ သုမင်္ဂလာ(၂)လမ်း၊ မြေကွက်အမှတ်(၁၀)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား ၈၁/၈၁.၆ ပေxအနံ ၁၁၆.၆/၁၂၀ ပေ၊ ဧရိယာ (၀.၂၂၀)ဧက၊ စတုရန်း ပေ(၉၆၀၇)ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ထား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်ဘီတင်(ခ)ဒေါ်သင်း (၇/ကဝန(နိုင်)၀၈၅၂၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီဂီဝင်းမောင် (၁၂/ဒဂန(နိုင်) ၀၃၅၀၅၃)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**Ph: 09-771447916, 09-266022257**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ် (၃)၊ မြေကွက် အမှတ်(၄၃၁)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်လေးလေးခိုင်မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ (၄)ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၄)၊ မြေကွက်အမှတ်(၅၅)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧကရှိ မြေအား ဦးသန့်ဇင်ဦးမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးသန့်ဇင်ဦးမှ မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ် (၁၄၁) ၆-လွှာ၊ အကျယ်အဝန်း ၁၈ပေx ၅၄ ပေရှိ အခန်းအမှတ် ၆(ဘီ)ကို ပိုင်ရှင်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်ချောရွှေရည်ထိုက် (၇/ရတရ(နိုင်)၁၀၇၅၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဗိုလ်စီ(၁၂/ဥကတ(ပြု)၀၀၀၁၉၃)နှင့် ဒေါ်ကြည်လဲ့လဲ့ဦး (၁၄/ဝခမ (နိုင်)၃၄၄၃၇၅) တို့က ဝယ်ယူရန် စရန်ငွေပေးချေထားပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာခြင်းပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်မူရင်းများပြသ၍ ကျွန်ုပ်ထံ ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြမှုမရှိပါက သတ်မှတ်ရက် ကျော်လွန်လျှင် အရောင်းအဝယ်ကို ပြီးဆုံးအောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဗိုလ်စီ** | **ဦးကျော်ဆန်းနိုင်** |
| **၁၂/ဥကတ(ပြု)၀၀၀၁၉၃** | **B.A (Law) ,LL.B, D.B.L,** |
| **ဒေါ်ကြည်လဲ့လဲ့ဦး** | **D.M.L, D.I.L, D.A.Psy,** |
| **၁၄/ဝခမ(နိုင်)၃၄၄၃၇၅** | **Dip in English, M.A** |
| | **(Business Law)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၉၂၉)** |

**တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီ၊ ၃၆ (အောက်)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉ -၅၁၆၃၅၄၂**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကုန်းတန်းရပ်ကွက်တွင် နေထိုင်သူများဖြစ်ကြသည့် ဦးဇော်ဇော်မောင်(ဘ) ဦးအောင်သူ (၁၃/ကမန(နိုင်)၁၅၃၅၉၅)နှင့် ဒေါ်ဥမ္မာမြတ်(ဘ) ဦးရဲမြင့် (၉/ခအဇ(နိုင်)၀၅၇၆၇၄) တို့သည် (၁၄-၁၀-၂၀၂၆)ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့် နှစ်ဖက်မိဘများနှင့် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဇော်ဇော်မောင်နှင့် ဒေါ်ဥမ္မာမြတ်တို့သည် (၁၄-၁၀-၂၀၂၆) ရက်မှစ၍ လင်ခန်း မယားခန်း လုံးဝ ပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှပါဝင်ဆက်နွယ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းများ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဇော်ဇော်မောင်နှင့် ဒေါ်ဥမ္မာမြတ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးထွန်းမိုးဦး(LL.B)** | **ဒေါ်ငြိမ်းငြိမ်းသော်(LL.B)** | **ဒေါ်အေးအေးမြင့်(LL.B)** |
| **(စဉ် - ၁၆၃၈၆)** | **(စဉ် - ၁၇၉၈၅)** | **(စဉ် - ၁၉၅၈၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**၂၇x၂၈ကြား၊ ၇၅x၇၆ လမ်းကြား၊**
**ဝယ်စလီသာသနာဝန်း၊ စိတ္တရမဟီရပ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း - ၀၉-၉၇၈၈၅၇၇၄၆၊ ၀၉-၂၆၉၃၆၂၆၂၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ် (၈၆၀/ခ)၊ (၀.၀၃၂)ဧက၊ မြေကွက်တည်နေရာ အမှတ်(၈၆၀/ခ)၊ ပုဂံလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမိုးဦး(TGKN-030804)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား၊ ဂရန်အမည်ပေါက် ဦးမိုးဦး ဖြစ်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးတော်တရားမကြီးမှုအမှတ် (၇၅/၂၀၂၅)ခုနှစ်တွင် တရားလို ဒေါ်ယုယုခိုင်မှ တရားပြိုင် ဦးမိုးဦး အပေါ် "ပဋိညာဉ်အတိုင်း၊ မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၄-၂-၂၀၂၆) ရက်စွဲပါ စီရင်ချက်အား အနိုင်ဒီကရီချမှတ်ခဲ့ပြီး တရားမဇာရီမှုအမှတ်-၁၇/၂၀၂၆ ခုနှစ်၏ နေ့စဉ်မှတ်တမ်းနှင့် (၃၁-၇-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး၏ (၃၁-၇-၂၀၂၆) ရက်စွဲပါ စာအမှတ် - ၅၂၂/၅-၁/၂၀၂၆ ၏ ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်သန်းမြင့်ခိုင်(ခ) သန့်သန့်ခိုင် (၁၂/သဃက(နိုင်)၀၉၂၅၆၂)မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်း ဆင်းစစ်ဆေးရာ အဆောက်အအုံမရှိ မြေကွက်လပ်ဖြစ်ပြီး တရားနိုင် ဒေါ်ယုယုခိုင် မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်သန်းမြင့်ခိုင် (ခ) သန့်သန့်ခိုင်၏ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/9898 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ (၂)လမ်းနေ (ဘ) ဦးခင်မောင်ဦး၏သမီး မနှင်းပွင့်ဖြူ ၁၄/မမန(နိုင်)၂၂၇၁၁၆ ၏ ပတ်စ်ပို့စာအုပ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၇၈၁၆၀၁၁**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/2502 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ၊ မြိုင်သာယာရပ်ကွက် ၊ (၁၂)လမ်း၊ အမှတ် (၁၃၆၈) နေ (ဘ) ဦးကြီးငွေ၏ သား ဦးမင်းမျိုးဝင်းမောင် (၁၀/မလမ(နိုင်)၁၈၇၂၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးမြို့၊ ဥဿာ(၇)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ် (၈၇၈)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်ခင်မျိုးစံ မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၆၁၉၀၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ဃ/၂၃၀၉၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ဃ/၇၃၆၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၁၀/ကမရ(နိုင်)၁၀၄၂၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ဃ/၄၄၅၆၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးဝင်း ၁၀/ခဆန(နိုင်)၁၈၁၁၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပွန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈၇၊ ဆားပေါက်ကုံး) ၊ ဦးပိုင်အမှတ် (၂၂-က)၊ ဧရိယာ(၀ဒသမ၄၄)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ 76 VRP 2025-2026 အရ ဦးတင်ရွှေ အမည်ဖြင့် (၃-၁၀-၁၉၉၆) မှ(၂-၁၀-၂၀၂၆) ထိ နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေသည် (၂-၁၀-၂၀၂၆)ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သဖြင့် ဦးတင်ရွှေမှမြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့်(၅-၁၀-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပွန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈၇၊ ဆားပေါက်ကုံး) ၊ ဦးပိုင်အမှတ် (၂၂-ခ)၊ ဧရိယာ(၀.၄၁)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ 78 VRP 2025-2026 အရ ဦးတင်ရွှေ အမည်ဖြင့် (၃-၁၀-၁၉၉၆)မှ(၂-၁၀-၂၀၂၆) ထိ နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသော မြေသည် (၂-၁၀-၂၀၂၆) ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သဖြင့် ဦးတင်ရွှေမှမြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့်(၅-၁၀-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/4668 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/16588 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | ၁၅-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်ထိ |
| **အစမ်းလေ့ကျင့်မည့်ရက်** | - | ၁၃-၁၁-၂၀၂၆ ရက် (သောကြာနေ့)၊ နံနက် (၀၉:၀၀) နာရီ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | - | ၁၅-၁၁-၂၀၂၆ ရက်(တနင်္ဂနွေနေ့)၊ နံနက် (၀၉:၀၀) နာရီ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** | - | ဘက်စုံသုံးခန်းမ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်) |

၂။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မေလတွင် နောက်ဆုံးနှစ်ဘွဲ့ စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာစာမေးပွဲများနှင့် မဟာဘွဲ့ စာမေးပွဲများကို ဖြေဆို အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၁၅-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်အတွင်း သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ သင်တန်းရေးရာဌာန၊ စာမေးပွဲဘွဲ့နှင်းဌာနခွဲတွင် သတ်မှတ်လျှောက်လွှာ ပုံစံထုတ်ယူပြီး လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂" x ၁.၅" အရွယ်) ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည်မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသောဓာတ်ပုံ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် လျှောက်ထားရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့ လျှောက်ထားသူများသည် ပထမဘွဲ့၏ ဘွဲ့လက်မှတ်မိတ္တူကိုပါ တစ်ပါတည်း ထည့်သွင်းလျှောက်ထားရမည်။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံအပြည့်အစုံ ဝတ်ဆင်သူများကိုသာ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

၆။ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် ဘွဲ့နှင်းသဘင်အစမ်း လေ့ကျင့်ပွဲသို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်တို့ကို ၁၀-၁၁-၂၀၂၆ ရက်နှင့် ၁၁-၁၁-၂၀၂၆ ရက်များတွင် သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်)၊ ဘက်စုံသုံးခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ဖုန်း-၀၉-၂၅၆၀၄၀၀၀၄ နှင့် ၀၉-၇၉၅၃၀၀၁၅၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၈/ခ-၁၊ ရမ်ပူအနောက်)၊ ဦးပိုင်အမှတ်(၂၈/၄-က)၊ မြေဧရိယာ(၀.၀၈၄)ကေရှိ မြေကွက်သည် ဦးဆားခေါ ပါ (၂) ဦး အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ် လျက်ရှိပါသည်။ ယခုအခါ ဦးဆားခေါ ၅/ခတန(နိုင်)၀၁၁၄၅၆၊ ဒေါ်မာခေါန် ၁၃/မဆတ(နိုင်)၀၉၀၉၈၆ (၂) ဦး အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရှောရပ်ကွက်၊ ကွင်းအမှတ် (၆၊ လမ်းရိုးရပ်)၊ ဦးပိုင်အမှတ် (၁၅/၄)၊ မြေဧရိယာ (၀.၀၄၁)ကေရှိ မြေကွက်သည် မူလက ဒေါ်စန်းစန်းရီ အမည်ဖြင့် (၂၁-၁-၂၀၅၁)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၄-၉-၂၀၂၆) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၃၂၂/၂၀၂၆)အရ ဒေါ်စန်းစန်းရီထံမှ ဒေါ်ချိုသဲ အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ချိုသဲ ၁/မကန(နိုင်)၀၉၃၃၆၀ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထား သူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာ အပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ (၁) အေးသာယာရပ်ကွက်၊ တော်ဝင်(၅) လမ်း၊ အမှတ် (ဒီ/၁၂၁) ဟုခေါ်တွင်သော ဧရိယာ (အလျား၄၀ ပေx အနံ၆၀ ပေ)ပေရှိ ဦးအောင်ဆန်းအမည်ပေါက် (စလစ်) အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ခင်ရီ (၁၂/သလန(နိုင်)၀၁၅၇၄၇)က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်သန်း (၄/ပလဝ(နိုင်)၀၅၆၃၂၈)ထံ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်း အဝယ်ပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း ခိုင်လုံသည့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက် မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စိန်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိမာ LL.B** | **ဒေါ်သက်သက်အောင် LL.B** |
| **အထက်တန်းရှေ့နေ (စဉ်-၅၁၉၀၇)** | **အထက်တန်းရှေ့နေ (စဉ်-၂၈၃၅၀)** |

**အမှတ် (၁၆၇၉)၊ သာလွှာဝတီအနောက် (၅) လမ်း၊ ၁၀/တောင် (၁၄) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၆၆၇၄၅၇၊ ၀၉-၂၅၂၀၉၅၉၇၂**

## အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၁၀၇-က)၊ ဦးပိုင်အမှတ်(၂၈)၊ မြေကွက်အမှတ်(၁၈၁)၊ မြေဧရိယာ(၀.၁၁၀)ကေရှိမြေနေရာသည် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၈-၃-၂၀၂၆)ရက်စွဲပါ အမှုတွဲအမှတ် (၇၃/မဆ/၂၀၁၆)ဖြင့် ဒေါ်မြင့်မြေး အမည်ဖြင့် (၈- ၃-၂၀၁၆) မှ (၇-၃-၂၀၄၆)ထိ နှစ်(၃၀) မြေငှားဂရန်ချထားပေးခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၆-၁-၂၀၂၆) ရက်စွဲပါ စာချုပ်အမှတ် (၁၈/၂၀၂၆)ဖြင့် ဒေါ်မြင့်မြေး ၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ကျိန်ချွင်လျန်း ထံမှ ဒေါ်ကျိန်ချွင်ရွှင် အမည်ဖြင့် အိမ်ဝိုင်းမြေ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းအပေါ် ဒေါ်ကျိန်ချွင်ရွှင် မှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် (၁၀၇-က)၊ ဦးပိုင်အမှတ်(၂၈)၊ မြေကွက်အမှတ်(၁၈၁)၊ မြေဧရိယာ(၀.၁၁၀)ကေရှိ မြေကွက်ကို ဒေါ်ကျိန်ချွင်ရွှင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထား ခြင်းအား ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားဂရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၅၂၁**

## အများသိစေရန် ကြေညာခြင်း

ဦးထက်လင်းဦး ၁၀/မလမ(နိုင်)၂၄၀၅၅၀ နှင့် ဒေါ်ဆွေဇင်ဝင်း ၁၀/ မလမ (နိုင်)၂၅၃၈၂၀ တို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် လည်းကောင်း (၁၀- ၁၀ -၂၀၂၆) ရက်တွင် "နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ကို လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျှင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်ဝင်း ၁၀/မလမ (နိုင်)၂၅၃၈၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်ချစ်စံ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၀၇၁)**
**အခန်း (၂၀၁)၊ B5၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-41008695, 09-258001797**

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ နယ်၊ မင်းရဲကျော်စွာရပ်ကွက်နေ ဦးခင်မောင်ဦး (ဘ) ဦးတင်အောင် ၅/မမတ(နိုင်)၀၀၁၉၅၈ ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ မင်းရဲကျော်စွာ ရပ်ကွက်နေ ဦးခင်မောင်ဦး(က)ဦးတင်အောင်၏ သမီး မအေမီဦး ၅/မမတ(နိုင်)၀၀၀၂၈၈ သည် ဖခင်၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် (၂-၁၀-၂၀၂၆)ရက်တွင် ဖခင် ဦးခင်မောင်ဦးအား ဆဲဆိုကြိမ်းမောင်းပြီး ထိခိုက်နာကျင်စေရန် ကိုယ်ထိ လက်ရောက် ပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ အမွေစား အမွေခံ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်၍ အရှုပ်အရှင်းပြဿနာအရပ်ရပ်များကို တာဝန်ယူ ဆောင်ရွက် ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မျိုးမျိုးထွေး (LL.B)** | **ဒေါ်နီလာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၁၅၈၂)** | **(စဉ်-၄၃၃၁၀)** |
| **ပွဲဆိပ်ရပ်၊စစ်ကိုင်းမြို့** | **ဖုန်း-၀၉-၉၇၁၂၂၈၃၇၀** |
| **ဖုန်း-၀၉-၄၀၀၄၆၃၇၈၂** | |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/34907 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/9700 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထန်းတောမကျေးရွာနေ ဦးအောင်ကျော်စိုး (၈/မမန(နိုင်)၁၂၄၀၁၂)နှင့် ဒေါ်နွဲ့ဝင်း (၁/မကတ(နိုင်) ၀၄၉၃၉၂) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဦးအောင်ကျော်စိုးနှင့် ဒေါ်နွဲ့ဝင်းတို့၏သမီးလတ် ဖြစ်သူ မနန်းသီရိကျော် (၁/မကတ(နိုင်)၁၅၂၉၉၃) ကိုင်ဆောင်သူသည် မိခင် ဖခင်တို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်းနှင့် ၎င်း၏ပြုမူဆောင်ရွက်ချက်များသည် မိဘများနှင့် သက်ဆိုင်ခြင်းမရှိ၍ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်းကို အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဌေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၇၆/၂၀၁၆)**
**အမှတ် (၁၆၉)၊ ၉ လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၁၁၂၁၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/89412 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 46W/59738 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/3019 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/71756 Adixin (ADX1) Dynam ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၉/တတန (နိုင်)၁၂၅၂၅၁ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/95568 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မိုးအေး ၉/ခမစ (နိုင်) ၀၀၈၁၇၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/59738 Toyomax-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွန်းလင်း ၉/မမန (နိုင်)၀၈၆၂၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

လက်ပံတန်းမြို့၊ အောင်လံကုန်းအုပ်စု၊ အောင်လံကုန်းရွာနေ ဦးယဉ်ထွေး ၇/လပတ(နိုင်)၀၂၀၀၇၃ နှင့် ဒေါ်ကြည်ကြည်ဝင်း ၇/မလန(နိုင်)၀၁၆၀၅၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးယဉ်ထွေး ၇/လပတ(နိုင်)၀၂၀၀၇၃ နှင့် ဒေါ်ကြည်ကြည်ဝင်း ၇/မလန(နိုင်)၀၁၆၀၅၆ တို့၏ သားအရင်းဖြစ်သည့် မောင်ချမ်းငြိမ်းအောင် ၇/လပတ(နိုင်)၁၆၄၂၁၅ သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်လောက်သည့် ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများအား စိတ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ သားသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၂၆၈)**
**ဦးချစ်ကဲလမ်း၊ နယ်မြေ(၈)၊ မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့၊ ဖုန်း-၀၉-၆၆၅၆၈၀၃၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရပ်ကွက် (၄) အိမ်အမှတ် ၄/၄၀တွင် နေထိုင်သော ဒေါ်ခိုင်သဇင်မိုး ၉/ခအဇ(နိုင်)၀၃၈၅၄၄ သည် အစ်ကိုဖြစ်သူ ဦးကျော်မိုးဦး ၅/ဝလန(နိုင်) ၁၃၁၈၂၀၊ ဒေါ်သွယ်သွယ်ထွေး ၅/ဝလန(နိုင်) ၁၀၇၀၁၁ တို့ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်၍ ကျူးလွန်နေပါသဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ညီမဖြစ်သူ ဒေါ်ခိုင်သဇင်မိုး ၉/ခအဇ(နိုင်) ၀၃၈၅၄၄ နှင့် လုံးဝသက်ဆိုင် ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင် ဒေါ်ခိုင်သဇင်မိုးနှင့် ပတ်သက်၍ ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးပြဿနာများအား အစ်ကို ဦးကျော်မိုးဦးမှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်မိုးဦး** | **ဦးစိုးညွန့်အောင်** |
| **ဒေါ်သွယ်သွယ်ထွေး** | **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၅၃၉)** |
| | **ရွာသစ်ရပ်ကွက်၊မိုးကောင်းမြို့၊ ကချင်ပြည်နယ်။** |
| | **ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၇၃၅ ၃၉၀၃** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ Villa-B-1၊ အမှတ် (၆၅) နေ ဒေါ်မာလာဝင်း (၁၂/သဃက(နိုင်)၀၄၂၅၃၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၈)ရပ်ကွက်၊ ကွင်းအမှတ်(၁၁၈၄/ထောင်ဝိကွင်း)၊ ဦးပိုင်အမှတ်-၉၃/၁၊ မြေအမျိုးအစား-R2၊ မန်းငြိမ်းဖေလမ်း၊ ဧရိယာ (၂.၄၃)ကေရှိ မြေကွက်ထဲမှ အလျား(၁၂၀/၁၂၅)ပေ x အနံ (၇၃)ပေ အကျယ်အဝန်းရှိမြေကွက် ဒေါ်နီနီမြင့်အမည်ဖြင့် စလစ်မြေကွက်နှင့် ယင်းမြေကွက်တွင် စိုက်ပျိုးထားသော သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားသမီးများမှ ကန့်ကွက်မှု မရှိသည့်အပြင် ဒေါ်နီနီမြင့် (၁၀/သထန(နိုင်)၁၆၁၂၇၁)မှသာလျှင် လက်ရှိ လက်ငုတ်လုပ်ကိုင်ပြီး၊ လက်ဝယ်ရှိသူဖြစ်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံ၍ ဒေါ်နီနီမြင့်(၁၀/သထန(နိုင်)၁၆၁၂၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်း (၁၂/သဃက(နိုင်)၀၄၂၅၃၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းလယ်ယာမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မာလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပွင့်ဖြိုးဝေ**
**B.A (Business Law), M.A (Business Law), LL. B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၄၃)**
**အမှတ်- ၇/B၊ လမ်းသစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၄၇၇၉၇၇၄**

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း

Yazt Pone Thee Co.,Ltd မှတင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါပိုးသတ်ဆေး (၇)မျိုးအား ကုန်သွယ်မှုအမည် ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **Yazt Pone Thee Co.,Ltd ဖုန်း ၀၉-၄၀၁၅၇၃၈၁၄**

| Sr. | Old Trade Name | New Trade Name | Active Ingredients | Registration No. |
|---|---|---|---|---|
| 1. | NAB–QB 36 WP | Q One 36 WP | Bensulfuron–methyl 3% + Quinclorac 33% WP | F2021–3252 |
| 2. | NAB–Done Pyan 10 SC | CHLORIX 10 SC | Chlorfenapyr 10% SC | F2023–4076 |
| 3. | NAB–Phalan 72 WP | Meta Pro 72 WP | Chlorothalonil 64% + Metalaxyl 8% WP | F2023–4230 |
| 4. | NAB–Boss 25 EC | Pyravo 25 EC | Pyraclostrobin 25% EC | P2021–4502 |
| 5. | NAB–Duro | Lufigo | Chlorfenapyr 19% + Lufenuron 5% SC | P2024–5351 |
| 6. | NAB–Nest | Paddy Master 20 SC | Bispyribac–sodium 5% + Cyhalofop–butyl 15% SC | P2024–5390 |
| 7. | Red Shark 5 WDG | Emizo 5 WDG | Emamectin benzoate 5% WDG | F2024–4608 |

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက (၄)၊ Grade – 11 မှ နန်းစံမွမ်း ၁၃/လလန(နိုင်)၁၄၄၃၄၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၆-၂၀၁၀ ဖြစ်ပါကြောင်း။

၂၉-၆-၂၀၁၀

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ သာယာကုန်း၊ အမက Grade – 4 မှ မောင်ကျော်လရောင်ကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနောင် ၉/ပသက(နိုင်)၀၈၆၆၈၇ ဖြစ်ပါကြောင်း။

ဦးကျော်ဝင်းနောင်

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အလက- ဝင်းယ Grade–2 မှ နန်းဗိုဟွမ်၏ မိဘ အမည်မှန်မှာ ဦးခွန်သိန်းဆွေ ၁၃/တကန(နိုင်) ၂၃၀၂၁၂၊ ဒေါ်နန်းအုံးကြည် ၁၃/တကန(နိုင်) ၂၁၄၆၉၈ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

လဲချားမြို့၊ အမှတ်(၄) ရပ်ကွက်နေ (ဘ) စိုင်းသာထူး၏ သား စိုင်းဆိုင်ဟန် ၁၃/လခန(နိုင်) ၀၅၂၆၁၂၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ–613957) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၃၈၉၂၅၆၁

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့နယ်၊ လွယ်ဆံဆစ်ရွာ နေ (ဘ) ဦးထွန်း၏ သမီး နန်းမဥ ၁၃/ဆဆန(နိုင်)၀၇၇၁၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD–290431) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၇၀၄၀၆၄၀

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ညောင်ဖြူစခမ်း ရပ်ကွက်နေ (ဘ) ဦးခွန်ထွန်းအောင်၏ သမီး နန်းမီမီဇင်ထွန်း ၁၃/တကန(နိုင်) ၁၉၂၇၈၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၆၀၀၅၀၅

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်(၄)၊ အမှတ်(၈၀)နေ မဖွေးသန့်ခင် ၏ ဖခင် ဦးမောင်မောင် (ခ) ဦးအီးဆပ် ၁/မကန(နိုင်)၂၄၆၄၇ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL3)၊ အခန်းအမှတ်(၅၀၆)၊ တိုက်ခန်းအမျိုးအစား (2–Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ(၇၁၀) စတုရန်းပေ ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးခိုင် ၁၂/လသန(နိုင်) ၀၀၀၈၃၄ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့် အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေကျော် ၁၂/တမန(နိုင်)၀၇၇၀၂၅**
**ဖုန်း-၀၉-၅၁၀၈၉၄၄**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးကျော်ရင် ၏ သား မြစ်ကြီးနားမြို့၊ ရောရပ်ကွက်၊ နယ်မြေ(၃)၊ စက်မှုကြီးကြပ်ရုံးဝင်းနေ ဦးကမ္ဘာကျော် (ခ) ဦးကျော်ထင် ၅/တဆန(နိုင်) ၀၀၀၃၄၁ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဒူဂမ်ဇော်ခေါင် ၏ သား မြစ်ကြီးနားမြို့၊ နောင်နန်းအုပ်စု၊ လမြန်ကျေးရွာ၊ အမှတ်(လမ- ၂/၃၃) နေ မောင်မရန်ခွန်းမြတ်နော် (ခ) မောင်ခွန်းမြတ်နော် ၁/မကန (နိုင်)၃၀၆၂၄၀ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၇၊ မြေကွက်- ၃၆၁/က၊ မြေကွက်တည်နေရာအမှတ်-၃၆၁/က၊ ဗိုလ်ခန့်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးဘရွှေ(၁၂/မရက(နိုင်)၀၃၃၂၁၉)၊ အမည်ပေါက် ၊ နှစ်(၆၀) မြေငှားဂရန်မြေအား၊ အမည်ပေါက်(ဖခင်) ဦးဘရွှေနှင့်(မိခင်) ဒေါ်မေညိုချေ ကွယ်လွန်၍ သား/သမီးများဖြစ်ကြသော ဦးအတာလတ်၁၂/မရက (နိုင်)၀၃၃၃၀၂၊ ဒေါ်ပပဝင်း ၁၂/မရက(နိုင်)၀၃၂၉၆၄၊ ဦးအောင်အောင် ၁၂/ဒဂမ(နိုင်)၀၀၁၂၄၂၊ ဒေါ်အိရွှေဇင် ၁၂/မရက(နိုင်)၀၄၀၆၂၀ တို့က သား/သမီးများတော်စပ်ကြောင်းနှင့် ၎င်းတို့မောင်နှမ(၄)ဦးမှလွဲ၍အခြားသော မွေးချင်း မောင်နှမများမရှိကြောင်း၊ ကိတ္တိမ သားသမီးများလည်း မွေးစားထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ (၂)ထပ် အုတ်ညှပ်တိုက်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး လျှောက်ထားသူတို့က လက်မှတ်ရေးထိုးတင်ပြသဖြင့် ဦးအတာလတ်၊ ဒေါ်ပပဝင်း၊ ဦးအောင်အောင် ၊ ဒေါ်အိရွှေဇင်တို့၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ဥဿာ – ၉ ရပ်ကွက်၊ အထူးဇုန် – ၁၊ မြေကွက်အမှတ်(၄၀– ခ)၊ အကျယ်အဝန်း(၂.၅)ကေ၊ စက်မှုစီးပွားမြေငှားဂရန်မြေကွက်ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ဥဿာ – ၉ ရပ်ကွက်၊ အထူးဇုန် – ၁၊ မြေကွက်အမှတ်(၄၁–ခ)၊ အကျယ် အဝန်း(၂.၅)ကေ၊ စက်မှုစီးပွားမြေငှားဂရန်မြေကွက်ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုလည်းကောင်း ဒေါ်မိုးသူဇာ(၁/မကန(နိုင်)၀၀၀၅၇၂)မှ ၎င်းတရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက် စာတမ်းမူရင်းများဖြင့် (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်သီရိပြည့်စုံ(LL.B, D.I.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၈၈၉၆)**
**အခန်းအမှတ် (၂၀-၀၅)၊ Crystal office towen**
**ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉၇၅၁၅၀၀၇၇၀**

## သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) အသင်းသားများအား ဖိတ်ကြားခြင်း

FREDA အသင်း၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နှင့်အတူ နှစ် (၃၀) ပုလဲရတု အခမ်းအနားကို ရန်ကုန်မြို့ M3 Food Center တွင် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်၊ မွန်းလွဲ (၁:၃၀ မှ ၃:၃၀) နာရီအတွင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ တက်ရောက်နိုင်/ မတက်ရောက်နိုင်ကို အောက်ဖော်ပြပါလိပ်စာများသို့ (၂၈-၁၀-၂၀၂၆) ရက် နောက်ဆုံးထားပြီး ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့ (FREDA)**
**ဖုန်း / Viber ၀၉-၈၉၇၅၈၆၂၁၆ (သို့) ၀၉-၅၃၈၂၂၆၃**
**e-mail-fredamyanmar@gmail.com**
**လိပ်စာ-အခန်း (၇၀၇), ၇ လွှာ ၊ MWEA Tower ၊ ၂၈၈/၂၉၀၊**
**ရွှေတိဂုံဘုရားလမ်း ၊ ဒဂုံမြို့ နယ် ၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၂လမ်း၊ အမှတ်(၁၀၆)၊ ၈လွှာ၊ (B), (၁၅x၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးကျော်လွင်၁၂/ဗတထ(နိုင်)၀၂၆၆၇၉ထံမှ အပြီးအပိုင် ဝယ်ယူရန် အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/သဃက (နိုင်) ၁၂၇၈၁၇က အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇) ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးသိန်း တရားလွှတ်တော်ရှေ့နေ (စဉ် -၉၁၈၆)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၇၀၇၈၇၂၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/54534 Honda Wave–100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၁၃/ညရန(နိုင်)၀၉၀၆၆၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၈၀ယ/၁၁၄၅၁ Honda Wave100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကောင်းထက် ၇/လပတ(နိုင်) ၂၀၆၄၄၄က မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဖြိုးမင်း ၁၄/ဒဒရ(နိုင်) ၁၉၄၃၄၈၏ နိုင်ငံကူးလက်မှတ် အမှတ်(MH–656104)၊ CDC အမှတ်–၁၃၃၄၂၈၊ SID နှင့် All in One တို့သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၉၃၂၄၈၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(ဘီ)၊ တိုက်အမှတ်(ဘီ–၃)၊ အခန်းအမှတ်(၄၁၂)၊ တိုက်ခန်းအမျိုးအစား (1–Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ(၆၄၂) စတုရန်းပေ ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးပေါလ်မီကီအယ်လ်ဆိုင်းဒူ ၁၂/အလန(နိုင်) ၀၄၀၇၈၄ နှင့် ဒေါ်အယ်လ်ဆိုင်းစံ ၁၂/အလန(နိုင်)၀၄၀၇၈၂ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့် အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဦး၊ ဒေါ်ချိုချို**
**၁၂/မဂတ(နိုင်)၀၄၆၆၂၇၊ ၉/မထလ(နိုင်)၀၅၆၂၅၂**
**ဖုန်း-၀၉-၇၇၅၁၃၃၃၇၄၊ ၀၉-၇၉၈၄၁၂၃၆၅၊**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ARA Residences ၊ တိုက်အမှတ်(Y–5)၊ အခန်းအမှတ်(၁၀၆)၊ တိုက်ခန်းအမျိုးအစား (1–Bedroom)၊ ခန့်မှန်း ကြမ်းခင်းဧရိယာ(၅၅၉) စတုရန်းပေ ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းယုဇနအောင် ၁၃/သပန(နိုင်) ၀၂၉၉၄၃ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ အမည်ပြောင်းကိစ္စပြုလုပ်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့် အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည် ။ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစုစုနိုင် ၁၃/မနန(နိုင်)၀၁၀၁၈၅**
**ဖုန်း-၀၉-၆၆၁၄၀၆၁၈၈၊ ၀၉-၆၈၂၈၁၆၆၀၃၊**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် - ၄၁၅

ဒေါ်သိန်းသိန်း ပါ ၁၆ နှင့် ၁။ ဦးအောင်နိုင်ထွန်း
၂။ ဒေါ်ခင်မိုးဆွေ
၃။ မောင်ကောင်းထက်အောင်
၄။ မလတ်လတ်ငြေး (ကိုယ်တိုင်နှင့် လျှောက်ထားခံရသူအမှတ် ၁ ၏ အခွင့်ရ ကိုယ်စားလှယ်)
၅။ မမြတ်အိနန္ဒာ (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ညိုညိုခိုင်)
၆။ ဦးမောင်မြတ်ကျော်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ရခိုင်ပြည်နယ်တရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၂/၂၀၂၅ ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါအမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အ.ထ.က(၅)ကျောင်းခြံဝင်းနှင့် စစ်တွေမြို့ ၊ဘောက်သီးစုရပ်ကွက်၊ ငပိန်လမ်းနေ လျှောက်ထားခံရသူ(၁) ဦးအောင်နိုင်ထွန်း၊ စစ်တွေမြို့ ၊ ဘောက်သီးစု ရပ်ကွက်၊ ငပိန်လမ်း နေ လျှောက်ထားခံရသူ(၂) ဒေါ်ခင်မိုးဆွေ၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ မင်းဘာကြီးလမ်း၊ အမှတ်(၂၆၅) နေ လျှောက်ထားခံရသူ(၃) မောင်ကောင်း ထက်အောင်၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ ငပိန်လမ်းနေ လျှောက်ထားခံရသူ (၄) မလတ်လတ်ငြေး (ကိုယ်တိုင်နှင့် လျှောက်ထားခံရသူအမှတ် (၁) ၏ အခွင့်ရကိုယ်စားလှယ်)၊ စစ်တွေမြို့၊ တရားသိစုရပ်ကွက်၊ ပန်းခြံလမ်းနေ လျှောက်ထားခံရသူ (၅) ဦးမောင်မြတ်ကျော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ဤအမှုတွင် ရခိုင်ပြည်နယ်တရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင် ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်း က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၆ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ) နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိ သည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊၁၅/ဘိုကုန်း၊ ဦးပိုင်အမှတ်(၁၂ဠ)၊ မြေဧရိယာ (၀.၀၇၅)ကေရှိ မြေကွက်အား အမည်ပေါက် ဦးမဲ ၉/လဝန(နိုင်) ၀၃၂၄၁၈၊ ဒေါ်ရီရီ ၉/လဝန(နိုင်)၀၃၂၅၅၃ တို့မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်(၁၄၂/၂၀၀၂)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေ ထွက်ဆိုချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်အမှတ်(၁၂ဠ)၊ မြေဧရိယာ(၀.၀၇၅)ကေ အနက်မှ မြေဧရိယာ(၀.၀၃၇) ကေအား မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ မြောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ် (၄၀–ခ)၊ မြေဧရိယာ(၀.၀၆၉)ကေရှိ မြေနေရာအား ဒေါ်မြညို ၁၃/မဆတ(နိုင်)၀၀၇၃၂၁)အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ်(၅၀၈–၅/၁၉၉၅–၁၉၉၆)ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဒေါ်မြညို အမည်ဖြင့် ရရှိထားသော မြေဧရိယာ(၀.၂၈) ကေအတွင်းမှ (၀.၀၆၉)ကေအား ဒေါ်မြညိုထံမှ (၁၂-၆-၁၉၉၇) ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဦးစိုင်းမောင်ယုံ ၁၃/မဆတ(နိုင်)၀၀၆၅၇၁) က စာချုပ် ချုပ်ဆို ဝယ်ယူထားရှိပြီး အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ မြောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၄၀–ခ)၊ မြေဧရိယာ(၀.၀၆၉)ကေရှိ မြေနေရာကို ဦးစိုင်းမောင်ယုံ ၁၃/မဆတ(နိုင်)၀၀၆၅၇၁)မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**
**ဖုန်း-၀၈၂-၂၉၅၀၆၉၀**

## ပျောက်ဆုံးကြောင်းကြော်ငြာ

(ဘ) ဦးဂင်ခေါ်ခိုင်၏ သား ကျွန်တော် မောင်ထန်ကျင်း ၅/တဆန (နိုင်) ၀၈၅၁၂၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH–525348)သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများအနေဖြင့် အောက်ပါ ဖုန်းသို့ ဆက်သွယ်အကြောင်းကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၉၁၆၁၉၅၂**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့မူလွန် (၁) ဥက္ကံ Grade–3 မှ (ဘ) ဦးဇင်ကိုကို ၁၂/တကန (နိုင်) ၂၂၉၃၀၈ ၏ သား မောင်ပိုင်သုတကို အား ယနေ့မှစ၍ မောင်ထက်ဘုန်းမြတ် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ဘုန်းမြတ်**

## ပိုးသတ်ဆေးထုတ်လုပ်သူအမည် ပြောင်းလဲကြောင်း ကြော်ငြာခြင်း

ပိုးသတ်ဆေးအား မှတ်ပုံတင်အဖွဲ့တွင် အောက်ဖော်ပြပါ ပိုးသတ်ဆေး(၁)မျိုးကို ထုတ်လုပ်သူအမည် “Qingdao KingAgroot Resistant Weed Control Co.,Ltd" ဖြင့် မှတ်ပုံတင်ရရှိပြီးဖြစ်ပါသည်။ ယင်းပိုးသတ်ဆေး၏ ထုတ်လုပ်သူအမည် (Manufacturer Name) ကို Qingdao KingAgroot Resistant Weed Control Co.,Ltd မှ “Shandong KingAgroot CropScience Co.,Ltd” သို့ အောက်ပါအတိုင်း ပြောင်းလဲမည်ဖြစ်ပါသည်–

| Sr. | Product Name | Registration No. | Current Manufacturer Name | New Manufacturer Name |
|---|---|---|---|---|
| 1 | Riceguard 40 OD | Cyhalofop–butyl 40% OD | Qingdao King Agroot Resistant Weed Control Co.,Ltd | Shandong King Agroot CropScience Co.,Ltd |

ဖော်ပြပါပိုးသတ်ဆေး၏ ထုတ်လုပ်သူအမည်(Manufacturer Name) ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ အင်းစိန်၊ ရန်ကုန်မြို့သို့ ယနေ့မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ ဩဇာလမ်း၊ မြေကွက်အမှတ် (၉၄၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်ရှိန် (AB- ဝ၆၁ဝ၄ဝ) အမည်ပေါက် နှစ်(၆ဝ)ဂရန် မြေကွက်အနက်မှ (၁ဝပေ × ၆ဝပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချောစုထွေး (၁၂/မဂဒ (နိုင်) ၁၂၅၉ဝ၆) ထံမှ ကျွန်တော် ဦးဘိုဘိုဦး (၁၂/ဒဂမ (နိုင်) ဝဝ၇ဝ၅၈)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘိုဘိုဦး (၁၂/ဒဂမ (နိုင်) ဝဝ၇ဝ၅၈)
ဝ၉– ၄၅၁ ၁၂ဝ ၃ဝ၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22963

Luojia–110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တာ ၁၄/သပန(နိုင်) ၁၁၈ဝ၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ် (၅၁၅)၊ လမ်းအမည် (Lane–7)၊ ခန့်မှန်းမြေဧရိယာ(၁၂၁ဝ) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံဧရိယာ(၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းကျော် ၇/လပတ(နိုင်) ဝ၈၆၃၇၄နှင့် ဒေါ်သီတာဖြိုး ၇/ပတန(နိုင်) ၁၃၈၈၉၈ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ယုနိုင် ၁၃/တကန(နိုင်)၁၄၃၁ဝ၂
ဖုန်း–ဝ၉–၅ဝ၃၆ဝ၄၃

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45815

Dayang–110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးလွင် ၁၄/သသခ(နိုင်) ဝဝ၂၃၃၅ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၈၇)နေ ဦးစောကော်ဒိုသန်း (၁ဝ/မလမ(နိုင်)ဝဝ၂၃၃၈)နှင့် ဒေါ်ဥမ္မာအောင် (၁ဝ/မလမ(နိုင်)ဝဝ၆၄၃၅) တို့၏သားဖြစ်သည့် မောင်ဘုန်းမြတ်သူ (၃/ဘအန(နိုင်) ၃၄၄ဝ၉၅) သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ်အခါခါပြုလုပ်ပါသဖြင့် မောင်ဘုန်းမြတ်သူအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မောင်ဘုန်းမြတ်သူ၏ ကိစ္စအဝဝတို့သည် ဦးစောကော်ဒိုသန်းနှင့် ဒေါ်ဥမ္မာအောင်တို့နှင့် လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါ၍ ၎င်း၏ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုံးဝ လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးစောကော်ဒိုသန်း**
**ဒေါ်ဥမ္မာအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချို့နွယ်ဦး (LL.B) (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၆ဝဝ)**
**အမှတ် (၈၉၃)၊ သီရိမင်္ဂလာ (၁၈) လမ်း**
**သီရိမင်္ဂလာရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း–ဝ၉–၇၉၈ဝ၄၈၂၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 61W/78286

Honda Wave–100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၈/ခမန(နိုင်) ဝ၇၄၅၉၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၃–၁ဝ–၂ဝ၂၆ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးညီညီသော်လင်း ၏ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာတွင် ဒေါ်ညိမ်းညိမ်းသက် ၁ဝ/ရမန(နိုင်) ၁၄၄၄၂၂ အစား ဒေါ်ညိမ့်ညိမ့်သက် ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကပတ(A)၊ အမှတ် (၈၁၅/၂) လိပ်စာနေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးဟာအိုရှန်ရှာမ် (၁၂/အစန(နိုင်) ၁၇၆၃ဝ၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ–

ဦးဟာအိုရှန်ရှာမ် နှင့် ဒေါ်ဂျာဖာအောင် (၁/တနန(နိုင်)ဝ၁ဝ၃၃၉)တို့သည် (၂၉–၄–၂ဝ၁၇) ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားတစ်ဦး ရရှိခဲ့ပါသည်။

ယခုအခါ ဦးဟာအိုရှန်ရှာမ် နှင့် ဒေါ်ဂျာဖာအောင်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့်လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် လည်းကောင်း၊ (၁ဝ–၁ဝ–၂ဝ၂၆) ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ၎င်းတို့၏ လွတ်လပ်သောသဘောဆန္ဒအရ နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်း အသိသက်သေများရှေ့မှောက်၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဦးဟာအိုရှန်ရှာမ်နှင့် ဒေါ်ဂျာဖာအောင်တို့သည် အထက်ဖော်ပြပါ ကတိစာချုပ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး လူမှုရေးအရ သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါ။

သို့ရာတွင် လူပုဂ္ဂိုလ်အချို့သည် ကျွန်ုပ်အမှုသည် ဦးဟာအိုရှန်ရှာမ်၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် ရည်ရွယ်၍ Facebook, Messenger, Viber, TikTok, Phone Message, Telegram, WeChat အစရှိသော Social Media Platform များတွင် မဟုတ်မမှန် ရေးသားခြင်းများ၊ မှတ်ချက်ပေးခြင်းများ (Comment ပေးခြင်း) ပြုလုပ်နေသည် ကို တွေ့မြင်သိရှိနေရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းပျက်စီးစေရန်နှင့် စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ပြုလုပ်လျက်ရှိသော မည်သူမဆို ဤကြေညာပါရှိသည့်အချိန်မှစ၍ တားမြစ်အပ်ပြီး၊ တားမြစ်ချက်အားဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်သူတို့ကို အတိအကျအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခွန်သန်းဆောင်(LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်–၄၅၄၆၆)**
**ဖုန်း–ဝ၉ ၄၂၈ ၃၂၉ ၂၇၃**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ အမက – ရွှေပေါက်ကျွန်းမှ မူလတန်းကျောင်းအုပ် ဒေါ်ချယ်ရီသည် ဒေါ်မိုးချယ်ရီ ၉/တတဥ(နိုင်)ဝ၄၄၆၄၅ နှင့် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ချယ်ရီ (ခ) ဒေါ်မိုးချယ်ရီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း)တွင် ဆောက်လုပ်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည် –

**စဉ်** **လုပ်ငန်းအမည်**

၁။ အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံအသစ် တည်ဆောက်ခြင်း
(၁) ပင်မအလုပ်ရုံ (၁၈ဝ' x ၈ဝ') –၂ လုံး

၂။ ဈေးနှုန်းတင်သွင်းလွှာများကိုပေးသွင်းရမည့်အစီအစဉ်
(က) **တင်ဒါပိတ်သိမ်းမည့် ရက်နှင့် အချိန်** – (၃ဝ–၁ဝ–၂ဝ၂၆) ရက်၊ (၁၆:ဝဝ) နာရီ
(ခ) **တင်ဒါတင်သွင်းရမည့် နေရာ** – တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ တင်ဒါပုံစံကို(၁၅–၁ဝ–၂ဝ၂၆)ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ဖုန်း၀၆၇–၄ဝ၈၁၂၉၊ အမှတ်(၇) အထည်စက်ရုံခွဲ (ဝမ်းတွင်း)၊ ဖုန်း– ဝ၆၄–၂ဝ၅ဝဝဝ၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၄၅–A)၊ မကျီးပင်တန်းဂါတ်အကွက်၊ ဦးပိုင်အမှတ် (၁၂–ဃ)၊ မြေဧရိယာ (ဝ.ဝ၆၄) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၉)၊ ရွှေစည်းခုံလမ်းနေ ဒေါ်ကျင်ဌေး မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃ဝ) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ /အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ မူလွန် (အလည်ကုန်း) Grade–4 မှ မောင်ကောင်းခန့်လင်း ၏ဖခင် ဦးသိန်းထိုက်စိုး ၏ အမည်မှန်မှာ ဦးအောင်ခိုင် ၁ဝ/သဖရ(နိုင်) ဝ၈၆၉ဝ၁ နှင့် မိခင် ဒေါ်သင်းသင်းစို့ ၏ အမည်မှန်မှာ ဒေါ်ဝါဝါနု ၁ဝ/သဖရ(နိုင်)၁၄ဝ၅၁၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဘူတာမြောက်ရပ်ကွက်၊ ၁၆ လမ်းနေ ဒေါ်သီတာချို ၇/ဖမန(နိုင်) ဝ၄၂၈၈၂ ၏ ဖခင် ဦးချို (ခ) ဦးမောင်ချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချို (ခ) ဦးမောင်ချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၆ယ/၂၂၅ဝ၉ Honda Dream C100MP M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၇/လပတ(နိုင်)ဝ၄ဝ၆၇၈ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃ဝ) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/67767

YAMAHA Ray–110 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကျင်းဟွဲ့ကျိန် ၄/တဇန(နိုင်)ဝ၁၈၇၇၉ မှ စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃ဝ) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂ဝ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂ဝ၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈၃

ဒေါ်ရီရီစန်း နှင့် ဦးစံရွှေ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဇဇ–၁၉)၊ ၆၅ x ၆၆ လမ်းကြား ၊ ၁၃၁ x ၁၃၂ လမ်းကြားနေ ဦးစံရွှေ (ဘ) ဦးဘကွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

